"(ဃ) လွှတ်တော်အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ရန် နာယက၏သဘော တူညီချက်ဖြင့် ပြည်သူများကို ဖိတ်ကြားခြင်း။"

၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) ၏နောက်တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (စ) အဖြစ် ဖြည့်စွက်ရမည် -

"(စ) လွှတ်တော်အစည်းအဝေးများတွင် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း။"

၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၁၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"ပုံမှန်အစည်းအဝေးများ**

၁၂။ (က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေး စတင်သည့်နေ့ရက်မှ ၁၅ ရက်အတွင်း ကျင်းပရမည်။ အမျိုးသားလွှတ်တော်သည်လည်း အဆိုပါကာလအတွင်း စတင်ကျင်းပပြီးဖြစ်ရမည်။

(ခ) လွှတ်တော်အစည်းအဝေးများကို နာယကက ခေါ်ယူကျင်းပရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပရန် လိုအပ်သည့်အစီအစဉ်များကို နာယကက စီစဉ်ဆောင်ရွက်ရမည်။"

၁၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ (က) နာယကသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ယင်းလွှတ်တော်သက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီ ဖွဲ့စည်းပြီးသည်အထိ တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့သည် လွှတ်တော်ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုလွှာထုတ်ပေးထားခြင်း ရှိ မရှိကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် ကတိသစ္စာပြုပြီးခြင်း ရှိ မရှိကိုလည်းကောင်း စိစစ်အတည်ပြုရမည်။

(ဂ) နာယကသည် သက်ဆိုင်ရာလွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများတွင် လွှတ်တော်အခွင့်အရေးကော်မတီများ ဖွဲ့စည်းပြီးနောက် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီကို ယင်းလွှတ်တော်အခွင့်အရေးကော်မတီနှစ်ရပ်မှ သင့်လျော်သောကော်မတီဝင်များဖြင့် ဖွဲ့စည်းပြီး လွှတ်တော်ကိုယ်စားလှယ် စိစစ်အတည်ပြုရေးလုပ်ငန်းတာဝန်ကို ဆက်လက်ဆောင်ရွက်စေရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့သည် ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းပြီးသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီသို့ မိမိ၏လုပ်ငန်းတာဝန်များကို လွှဲအပ်ရမည်။"

၁၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၂။ (ဃ) နာယကသည် လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ရယူရာ၌ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့်သော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒမဲပေးသည့်နည်းလမ်းဖြင့်သော်လည်းကောင်း၊ မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့်သော်လည်းကောင်း၊ သင့်လျော်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။"

၁၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈ နှင့် ၂၉ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၅။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် အခြား ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ အခြားနိုင်ငံရေးပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့်လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ် တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

**ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏တင်ပြခွင့်**

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် -

(က) နာယက၏ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့ အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ၊ အဆိုများ၊ မေးခွန်းများ သို့မဟုတ် အခြား ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

(ခ) လွှတ်တော်က ဖွဲ့စည်းသည့် ပူးပေါင်းကော်မတီ၊ အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့ တစ်ရပ်ရပ်၏အစည်းအဝေးသို့ ယင်းကော်မတီဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် တက်ရောက်သည့် အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် အခြားကိစ္စရပ် များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

(ဂ) လွှတ်တော်ကော်မတီများက မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို မေးမြန်း လာပါက ဆောင်ရွက်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းမရှိပါက ထိုသို့ ပြီးစီးခြင်းမရှိသည့်အကြောင်းရင်းကို ပြန်ကြားခွင့်ရှိသည်။

(ဃ) ကော်မတီများက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သောကိစ္စအတွက် ဆွေးနွေးတင်ပြရန် ဖိတ်ကြားပါက လာရောက်ရှင်းလင်းဖြေကြားခွင့်ရှိသည်။

၂၇။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည် လွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိ အဖွဲ့အစည်းနှင့်သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ခွင့်ပြုချက်ဖြင့် တင်ပြ နိုင်သည်။

၂၈။ လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တစ်ရပ်ရပ်၏အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန်ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စား ပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စု

မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့်လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၂၉။ ပုဒ်မ ၂၅ နှင့် ၂၈ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် လွှတ်တော်၏စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။"

၁၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည်။

၁၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၃ ၏နောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၄၃-က အဖြစ် ဖြည့်စွက်ရမည် -

"၄၃-က။ လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ဥပဒေကြမ်းပူးပေါင်းကော်မတီအား လေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ လွှတ်တော်အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်။"

၁၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) ၏နောက်တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (ဂ) အဖြစ် ဖြည့်စွက်ရမည် -

"(ဂ) လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းကိုလည်းကောင်း၊ လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းကိုလည်းကောင်း နာယကသည် နိုင်ငံတော်သမ္မတထံ ပေးပို့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။"

၁၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၃။ (က) လွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။

(ခ) လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လိုအပ်သော ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရုံးဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်ရုံးသည် လွှတ်တော်၏ရုံးလုပ်ငန်းနှင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲပြုစုပြီး ဘဏ္ဍာရေးကော်မရှင်နှင့် လွှတ်တော်သို့ တင်ပြရမည်။"

၁၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၃ ၏နောက်တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မ ၈၃-က အဖြစ် ဖြည့်စွက်ရမည် -

"၈၃-က။ နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် နယ်မြေဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်နှင့်အညီ သုံးစွဲခွင့်ရှိသည်။"

၁၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၄ ၏နောက်တွင် အောက်ပါပုဒ်မများကို ပုဒ်မ ၈၄-က၊ ၈၄-ခ နှင့် ၈၄-ဂ အဖြစ် ဖြည့်စွက်ရမည် -

"၈၄-က။ လွှတ်တော်၏ဆောင်ရွက်ချက်နှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ လွှတ်တော်၏ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၈၄-ခ။ နာယကသည် လွှတ်တော်ရေးရာကိစ္စများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို လွှတ်တော်၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

၈၄-ဂ။ လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာလွှတ်တော်များ၊ ပြည်တွင်းပြည်ပလွှတ်တော်ဆိုင်ရာအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။"

၂၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

၂၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေတွင် -

(က) ဇယား ၁၊ အပိုဒ် ၇ ၏နောက်တွင် အောက်ပါအပိုဒ်များကို အပိုဒ် ၈၊ ၉၊ ၁၀၊ ၁၁ အဖြစ် ဖြည့်စွက်ရမည် -

"၈။ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့် သဘောတူညီချက်များ၊ ဒေသဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်များဆိုင်ရာကိစ္စ၊

၉။ အခွန်အကောက်များနှင့်သက်ဆိုင်သည့်ကိစ္စ၊

၁၀။ သဘာဝစွမ်းအင်များ၊ သယံဇာတပစ္စည်းများ ထုတ်ဖော်မှုနှင့်သက်ဆိုင်သည့်ကိစ္စ၊

၁၁။ လျှပ်စစ်ဓာတ်အားစီမံကိန်းကြီးများကိစ္စ။"

(ခ) ဇယား ၂၊ အပိုဒ် ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃။ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များနှင့်စပ်လျဉ်းသည့်ကိစ္စ၊"

(ဂ) ဇယား ၂၊ အပိုဒ် ၁၃ နှင့် ၂၇ တို့ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

၁။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၅/ ၂၀၁၃) ၏ သဘောတူခွင့်ပြုချက်နှင့်အညီ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ရုံး ဖွဲ့စည်းမှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၃ နှင့် ပုဒ်မ ၁၇ (ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၃) တို့အရ ပြည်ထောင်စုလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို ဆောင်ရွက်လျက်ရှိသည့် လက်ရှိလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံကို ရုပ်သိမ်းပြီး ပြည်ထောင်စုလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံကို အရာထမ်း (၁၂၁) နေရာ၊ အမှုထမ်း (၄၆၉) နေရာ၊ စုစုပေါင်း (၅၉၀) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၃။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ပြင်ဆင်ဖွဲ့စည်းမှုကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်မှစ၍ ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံအင်အား၏ ၅၀ ရာခိုင်နှုန်း (လက်ရှိအင်အား အပါအဝင်) အထိ ခန့်အပ်တာဝန်ပေးနိုင်သည်။

(ပုံ) သူရရွှေမန်း
နာယက
လွှတ်တော်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/ ၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် )

**ဘက်စုံပို့ဆောင်ရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ဘက်စုံပို့ဆောင်ရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ဘက်စုံပို့ဆောင်ရေးဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃။ )

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို **ဘက်စုံပို့ဆောင်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်ထောင်စုအစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဘက်စုံပို့ဆောင်ရေး**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးပဋိညာဉ်အရ နိုင်ငံတစ်နိုင်ငံရှိ ဒေသတစ်ခုခုမှ အခြားနိုင်ငံရှိ သတ်မှတ်ဒေသသို့ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကုန်စည်ကို တာဝန်ယူလက်ခံ၍ အနည်းဆုံး ပို့ဆောင်ရေးနည်းလမ်းနှစ်သွယ်ဖြင့် သယ်ယူပို့ဆောင်ခြင်းကို ဆိုသည်။

(ဂ) **ပို့ဆောင်ရေးနည်းလမ်း**ဆိုသည်မှာ ကုန်စည်ကို ကုန်းလမ်း၊ ရထားလမ်း၊ ပြည်တွင်းရေကြောင်းလမ်း၊ ပင်လယ်ရေကြောင်းလမ်း သို့မဟုတ် လေကြောင်းလမ်းဖြင့် သယ်ယူပို့ဆောင်သည့်နည်းလမ်းများကို ဆိုသည်။

(ဃ) **ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးပဋိညာဉ်ကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ချုပ်ဆိုသူဖြစ်ပြီး ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို ကုန်စည်အပ်နှံသူ သို့မဟုတ် ကုန်စည်လက်ခံသူ၏ ကိုယ်စားလှယ်အဖြစ်မဟုတ်ဘဲ ကိုယ်တိုင်ပဋိညာဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသူကို ဆိုသည်။

(င) **သယ်ယူပို့ဆောင်သူ**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူကဲ့သို့ ထပ်တူထပ်မျှ လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ ကုန်းလမ်း၊ ရထားလမ်း၊ ပြည်တွင်းရေကြောင်းလမ်း၊ ပင်လယ်ရေကြောင်းလမ်း၊ လေကြောင်းလမ်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ယူသူကို ဆိုသည်။

(စ) **ကုန်စည်အပ်နှံသူ**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးပဋိညာဉ်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူနှင့် စာချုပ်ချုပ်ဆိုသူကို ဆိုသည်။

(ဆ) **ကုန်စည်လက်ခံသူ**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် ဖော်ပြထားသောကုန်စည်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူထံမှ လက်ခံရယူပိုင်ခွင့်ရှိသူကို ဆိုသည်။

(ဇ) **ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးပဋိညာဉ်ပါ

စည်းကမ်းချက်များနှင့်အညီ လွှဲပြောင်းပေးပို့ရန် တာဝန်ယူသည့်အပြင် ၎င်းက ကုန်စည်ကို လက်ခံ တာဝန်ယူကြောင်း ကုန်စည်အပ်နှံသူသို့ ထုတ်ပေးသည့် ဘက်စုံပို့ဆောင်ရေးပဋိညာဉ်၏ သက်သေခံ စာတမ်းအမှတ်အသားကို ဆိုသည်။

(ဈ) **ကုန်စည်လွှဲပြောင်းပေးပို့ခြင်း**ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆိုသည် -

(၁) ကုန်စည်လက်ခံသူသို့ ကုန်စည်ကို လက်ရောက်လွှဲပြောင်းပေးအပ်ခြင်း၊

(၂) ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးပဋိညာဉ်နှင့်အညီ ကုန်စည်လက်ခံသူ၏ အစီအမံဖြင့် နေရာချထားခြင်း သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရမည့် နေရာတွင်ရှိသည့် ကူးသန်းရောင်းဝယ်ရေး ဥပဒေနှင့် ဓလေ့ထုံးစံအရ နေရာချထားခြင်း၊

(၃) ကုန်စည်လွှဲပြောင်းပေးပို့ရမည့်နေရာတွင် ကျင့်သုံးသည့် ဥပဒေ သို့မဟုတ် စည်းမျဉ်းများအရ လွှဲအပ်ထားခြင်းခံရသူသို့ဖြစ်စေ၊ အခြားပုဂ္ဂိုလ်သို့ဖြစ်စေ ကုန်စည်လွှဲပြောင်းပေးအပ်ခြင်း။

(ည) **အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်**ဆိုသည်မှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အထူးငွေကြေး ထုတ်ယူပိုင်ခွင့်ယူနစ်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ ငွေကြေးထုတ်ယူခြင်းအတွက် အထူးသတ်မှတ်ထားသည့် ငွေကြေးစနစ် တစ်ခုကို ဆိုသည်။

(ဋ) **ကုန်စည်**ဆိုရာတွင် ထုပ်ပိုးထားသည်ဖြစ်စေ၊ ထုပ်ပိုးထားခြင်းမရှိသည်ဖြစ်စေ သယ်ယူသည့် သို့မဟုတ် သယ်ယူရန်ရှိသည့် သက်ရှိတိရစ္ဆာန်၊ ကုန်သေတ္တာ၊ သယ်ယူရန် ကုန်စည်တင်အခင်းပြား သို့မဟုတ် အလားတူကိရိယာဖြင့် သယ်ယူသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်ခုခု ပါဝင်သည်။

(ဌ) **ထုပ်ပိုးပစ္စည်း**ဆိုသည်မှာ ကုန်စည်တစ်ခုချင်းစီကို တစ်အိတ်၊ တစ်စိတ်၊ တစ်ပိုင်း၊ တစ်စည်၊ တစ်လိပ်၊ တစ်ခြင်း၊ ဘေထုပ်တစ်ထုပ်၊ တစ်စီး၊ တစ်ဖာ၊ သေတ္တာတစ်သေတ္တာ သို့မဟုတ် အခြား အခေါ်အဝေါ် ယူနစ်တစ်ခုခုဟူ၍ ရေတွက်နိုင်ပြီး တစ်ခုချင်းစီ သီးခြားခွဲ၍ သယ်ယူပို့ဆောင် နိုင်သည့် ကုန်စည်ယူနစ်တစ်ခုခုကို ဆိုသည်။

(ဍ) **လက်မှတ်ရေးထိုးထားသည့်စာ**ဆိုရာတွင် လက်မှတ်ရေးထိုးထားသည့်စာအပြင် ကြေးနန်း၊ တဲလက်စ်၊ ဖက်စ်ဖြင့်သော်လည်းကောင်း၊ စက်မှု သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ပုံနှိပ်စာ၊ မှတ်တမ်း သို့မဟုတ် ပြန်လည်ဖော်ပြချက် သို့မဟုတ် ထုတ်လွှင့်သည့် သတင်းအချက်အလက်ဖြင့် သော်လည်းကောင်း၊ အဆိုပါကိစ္စအလို့ငှာ ရည်ရွယ်၍ အခြားစာချုပ်စာတမ်းတစ်ခုခု သို့မဟုတ် ပစ္စည်းကိရိယာဖြင့်သော်လည်းကောင်း ပြုလုပ်ခြင်းတို့ ပါဝင်သည်။

(ဎ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသည့် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ကိုယ်စားလှယ်မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဏ) **ပဋိညာဉ်**ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကုန်စည်ကို သယ်ယူပို့ဆောင်ခ ရယူ၍ အပြည်ပြည်ဆိုင်ရာဘက်စုံပို့ဆောင်ရေးနည်းလမ်းအတိုင်း ဆောင်ရွက်ပေးရန် သို့မဟုတ် ထိုသို့ဆောင်ရွက်မှုကို အကောင်အထည်ဖော်ရန် တာဝန်ယူချုပ်ဆိုသည့် ပဋိညာဉ်ကို ဆိုသည်။

(တ) **ဗဟိုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ၎င်းက ခန့်အပ်တာဝန်ပေးသည့် အခွင့်ရအရာရှိကိုသော်လည်းကောင်း ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဒေသဆိုင်ရာသဘောတူစာချုပ်ပါ ကတိပြုချက်များကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) ပြည်တွင်းပြည်ပတွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းများ စည်းကမ်းကျနစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုရန်၊

(ဂ) အပြည်ပြည်ဆိုင်ရာကုန်သွယ်ရောင်းဝယ်ရေးနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များ ပြည့်စုံစေရေးအတွက် စွမ်းဆောင်ရည်ရှိပြီး ထိရောက်မြန်ဆန်သော ဘက်စုံပို့ဆောင်ရေးဝန်ဆောင်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများက ဤဥပဒေအရ မှတ်ပုံတင်၍ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရန်၊

(င) ဘက်စုံပို့ဆောင်ရေးဝန်ဆောင်မှုတွင် အသုံးပြုသူများနှင့် ကုန်စည်ပို့ဆောင်သူများအကြား မျှတသည့် အကျိုးကျေးဇူးများ ခံစားနိုင်စေရန်နှင့် ပေါ်ပေါက်လာသည့် ပြဿနာများကို ငြိမ်းအေးစွာ ဖြေရှင်းနိုင်ရန်၊

(စ) ကုန်စည်ကို သမားရိုးကျနည်းဖြင့် ကြားခံနိုင်ငံများမှတစ်ဆင့် ပို့ဆောင်ရာတွင် အဆင့်ဆင့်ဆောင်ရွက်ရသည့် အခက်အခဲနှင့်ပြဿနာများ လျော့နည်းကင်းဝေးစေပြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုသွက်လက်လျင်မြန်လာစေရန်။

## အခန်း (၃)
## သက်ဆိုင်ခြင်း

၄။ ဤဥပဒေသည် အောက်ပါတို့နှင့်သက်ဆိုင်စေရမည် -

(က) ဤဥပဒေအရ ဗဟိုအဖွဲ့တွင် မှတ်ပုံတင်ပြီး မှတ်ပုံတင်လက်မှတ်ရယူထားသည့် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊

(ခ) တရားမကြောင်းအရ တောင်းဆိုသည့် နစ်နာမှုများ ဖြေရှင်းရန်အလို့ငှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပဋိညာဉ်တွင် သတ်မှတ်ထားသည့်အတိုင်း -

(၁) ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့်နေရာသည် မြန်မာနိုင်ငံတွင် တည်ရှိပြီး လွှဲပြောင်းပေးပို့ရမည့်နေရာသည် စာချုပ်ဝင် အခြားနိုင်ငံတစ်နိုင်ငံတွင် တည်ရှိသည့် ပဋိညာဉ်များ သို့မဟုတ်

(၂) ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည့်နေရာသည် မြန်မာနိုင်ငံတွင် တည်ရှိပြီး ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့်နေရာသည် စာချုပ်ဝင် အခြားနိုင်ငံတစ်နိုင်ငံတွင် တည်ရှိသည့် ပဋိညာဉ်များ။

၅။ ဤဥပဒေတွင် သုံးနှုန်းထားသော **"ဘက်စုံပို့ဆောင်ရေး"**၊ **"ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ"**၊ **"ပဋိညာဉ်"** နှင့် **"ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်"** ဆိုသည့် စကားရပ်များသည် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာသဘောသဘာဝရှိသည့် အသုံးအနှုန်းဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၄)
## ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးနှင့် ကြီးကြပ်ကွပ်ကဲရေးအတွက်လည်းကောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၆ အရ ဗဟိုအဖွဲ့ကို ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း တာဝန်ပေးအပ်ရမည်။

(ခ) ဗဟိုအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

၈။ ဗဟိုအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူများအားလည်းကောင်း လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဝန်ကြီးဌာနသို့ အကြံပြုချက်များ တင်ပြခြင်း၊

(ခ) ဘက်စုံပို့ဆောင်ရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ အခွင့်အာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ သယ်ယူပို့ဆောင်သူများ၊ ကုန်စည်အပ်နှံသူနှင့် ကုန်စည်လက်ခံသူများနှင့် လည်းကောင်း ပူးပေါင်းညှိနှိုင်းပေးခြင်း၊

(ဂ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင် လက်မှတ် ထုတ်ပေးခြင်း၊

(ဃ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့် အမိန့် တို့ပါ တားမြစ်ချက်တစ်ခုခုကိုဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သူအား ပုဒ်မ ၄၃ အရ စီမံခန့်ခွဲရေးဆိုင်ရာအမိန့် ချမှတ်ခြင်း၊

(င) သယ်ယူပို့ဆောင်သူများ၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် အသုံးပြုသူများက ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ မှတ်ပုံတင်လက်မှတ်စည်းကမ်းချက် များကိုလည်းကောင်း လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ လိုအပ်သလိုစစ်ဆေးခြင်း၊ ထိုသို့စစ်ဆေး နိုင်ရန် ဗဟိုအဖွဲ့၏ အဖွဲ့ဝင်ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးအပ်ခြင်း၊

(စ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းနှင့်ဆက်နွယ်သော ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုလုပ်ငန်းများ အပြည်ပြည်ဆိုင်ရာပို့ဆောင်ရေးလုပ်ငန်းများနှင့် သင်တန်းများကို စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့် အညီ လိုအပ်သည့် နိုင်ငံ့ဝန်ထမ်းများအား ခန့်ထားခြင်း၊

(ဇ) ဗဟိုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ အစီရင်ခံ တင်ပြခြင်း၊

(ဈ) ဤဥပဒေပါ ကိစ္စအလို့ငှာ ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## မှတ်ပုံတင်ခြင်း

၉။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအဖြစ်သော်လည်းကောင်း၊ နိုင်ငံတော်က အဖွဲ့ဝင် ဖြစ်သော ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာသဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်သည့် ပြည်ပနိုင်ငံတစ်ခုခုမှ မှတ်ပုံတင်လက်မှတ် ရရှိသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်လိုသူ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုအဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်များအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ဗဟိုအဖွဲ့က ပုဒ်မခွဲ (ခ) အရ ခွင့်ပြုသည့်အခါ မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအား သတ်မှတ်ထားသည့် မှတ်ပုံတင်ခကို ပေးသွင်းစေပြီး သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၀။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်အခါ ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုအဖွဲ့က ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက မှတ်ပုံတင်အရာရှိ သည် လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေများကို ပေးသွင်းစေပြီး သတ်မှတ် ထားသည့် စည်းကမ်းချက်များနှင့်အညီ မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရမည်။

## အခန်း (၆)
## ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ် ထုတ်ပေးခြင်း

၁၁။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူ ပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့်အခါ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်မှာ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းဖြစ်သည် သို့မဟုတ် လွှဲပြောင်းခြင်းမပြု နိုင်သော စာချုပ်စာတမ်းဖြစ်သည်ကို ကုန်စည်အပ်နှံသူက ရွေးချယ်လက်ခံသည့်အတိုင်း ဖော်ပြ၍ ဘက်စုံ

ပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ကုန်စည်အပ်နှံသူအား ထုတ်ပေးရမည်။

၁၂။ ပုဒ်မ ၁၁ အရ ထုတ်ပေးသောလက်မှတ်တွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူကဖြစ်စေ၊ ၎င်း၏အခွင့်အာဏာရပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ လက်မှတ်ရေးထိုးရမည်။

၁၃။ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် အောက်ပါအချက်များ ပါရှိရမည် -

(က) ကုန်စည်အပ်နှံသူက ပေးသောကုန်နှင့်စပ်ဆိုင်သည့် ဖော်ပြချက်၊ မည်သည့်ကုန်စည်ဖြစ်ကြောင်း ဖော်ပြချက်၊ လိုအပ်သည့် အမှတ်တံဆိပ်၊ ပျက်စီးလွယ်သော သို့မဟုတ် အန္တရာယ်ရှိသော ကုန်စည် ဖြစ်လျှင် ထိုသို့ဖြစ်ကြောင်း ဖော်ပြချက်၊ ထုပ်ပိုးပစ္စည်း သို့မဟုတ် ပစ္စည်းအစိတ်အပိုင်း အရေအတွက်၊ အခြားနည်းဖြင့် ဖော်ပြသည့် ကုန်စည်စုစုပေါင်းအလေးချိန်၊ ပမာဏ သို့မဟုတ် အရေအတွက်၊

(ခ) ကုန်စည်၏ လက်ရှိမျက်မြင်အခြေအနေ၊

(ဂ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ လုပ်ငန်းအမည်နှင့် အခြေစိုက် (ရုံးချုပ်) တည်နေရာ လိပ်စာ၊

(ဃ) ကုန်စည်အပ်နှံသူအမည်၊

(င) ကုန်စည်အပ်နှံသူက ပေးသည့် ကုန်စည်လက်ခံမည့်သူအမည်၊

(စ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့်နေရာနှင့်ရက်စွဲ၊

(ဆ) ကုန်စည်လွှဲပြောင်းပေးပို့ရမည့်နေရာ၊

(ဇ) ကုန်စည်လွှဲပြောင်းပေးပို့ရမည့်နေရာ၊ နေ့ရက် သို့မဟုတ် အချိန်ကာလကို စာချုပ်ဝင်များက အတိအလင်းသဘောတူဖော်ပြထားလျှင် ယင်းသို့ ဖော်ပြသည့် လွှဲပြောင်းပေးပို့ရမည့်နေရာ၊ နေ့ရက် သို့မဟုတ် အချိန်ကာလ၊

(စျ) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်မှာ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းဖြစ်သည် သို့မဟုတ် လွှဲပြောင်းခြင်းမပြုနိုင်သော စာချုပ်စာတမ်း ဖြစ်သည်ဟု ဖော်ပြချက်၊

(ည) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ် ထုတ်ပေးသည့် နေရာနှင့်နေ့ရက်၊

(ဋ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ၎င်း၏အခွင့်အာဏာရပုဂ္ဂိုလ်၏လက်မှတ်၊

(ဌ) စာချုပ်ဝင်များက အတိအလင်းသဘောတူထားလျှင် ယင်းသို့ သဘောတူထားသည့်အတိုင်း ပို့ဆောင်ရေးနည်းလမ်းတစ်ခုစီအတွက် ကုန်စည်သယ်ယူပို့ဆောင်ခ သို့မဟုတ် ကုန်စည်လက်ခံသူက ပေးရမည့် ငွေကြေးအမျိုးအစား အပါအဝင် ကုန်စည်သယ်ယူပို့ဆောင်ခ သို့မဟုတ် ၎င်းက ကုန်စည်သယ်ယူပို့ဆောင်ခအတွက် ပေးရမည့် အခြားဖော်ပြချက်၊

(ဍ) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ် ထုတ်ပေးချိန်တွင် သိရှိရသည့် ပို့ဆောင်ရေးခရီးစဉ်လမ်းကြောင်း၊ ပို့ဆောင်ရေးနည်းလမ်းနှင့် တစ်ဆင့်လွှဲပြောင်းသယ်ဆောင်ရမည့်နေရာ၊

(ဎ) စာချုပ်ဝင်တို့ သဘောတူညီထားသည့် တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိသော အခြား ဖော်ပြချက်။

၁၄။ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် ပုဒ်မ ၁၃ ပါ အချက်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ မပါရှိသော်လည်း ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) ပါ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်၏ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ညီညွတ်လျှင် ထိုကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်၏ တရားဝင်မှုကို ထိခိုက်ခြင်းမရှိစေရ။

၁၅။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက လက်ခံတာဝန်ယူခဲ့သည့် ကုန်စည်နှင့်စပ်လျဉ်း၍ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ် ပေါ်တွင် ပုံနှိပ်ထားသော သို့မဟုတ် ထပ်၍ရိုက်နှိပ်ထားသော ကုန်အလေးချိန်၊ ဝန်နှင့် ရေတွက်ပုံ၊ ကုန်စည်တင်သူထည့်သွင်းသည့် ကုန်သေတ္တာ သို့မဟုတ် အခြားအလားတူ စကားရပ်များကဲ့သို့သော ဖော်ပြချက်များသည် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အဆိုပါဘက်စုံ ပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်သည် မြင်သာ သော သက်သေခံအထောက်အထားဖြစ်စေရမည်။

(ခ) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ကုန်စည်လက်ခံသူသို့ လွှဲပြောင်းပေး၍ဖြစ်စေ၊ အလားတူအီလက်ထရောနစ်အချက်အလက် ဖြင့် အပြန်အလှန်ပို့လွှတ်၍ဖြစ်စေ ပေးပို့သည်ကို ကုန်စည်လက်ခံသူက သဘောရိုးဖြင့် လက်ခံရရှိပြီးဖြစ်ကြောင်း အသိအမှတ်ပြုပြီးဖြစ်လျှင် ထိုကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်နှင့်စပ်လျဉ်း၍ ဆန့်ကျင်ကွဲလွဲပြီး တင်ပြသည့် သက်သေခံချက် များကို လက်ခံခြင်းမပြုရ။

## အခန်း (၇)
## ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏တာဝန်နှင့် ပေးအပ်ရန်တာဝန်ရှိမှုများ

၁၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်ကို ၎င်းက တာဝန်ယူ၍ ပို့ဆောင်ရန် လက်ခံသည့်အချိန်မှစ၍ သဘောတူညီချက်အရ ကုန်စည်ကို လွှဲပြောင်းပေးပို့သည့်အချိန်အထိ ထိုကုန်စည် အတွက် တာဝန်ရှိသည်။

၁၇။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ်အတွင်း မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ပြုလုပ်မှုနှင့် ပျက်ကွက်မှုများအတွက်သော်လည်းကောင်း၊ အခြား ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ထပ်ဆင့်ချုပ်ဆိုသည့် ပဋိညာဉ်အရ ဆောင်ရွက်ရာတွင် ထိုသူ၏ပြုလုပ်မှုနှင့် ပျက်ကွက်မှု များအတွက်သော်လည်းကောင်း မိမိကိုယ်တိုင်ပြုလုပ်မှုနှင့် ပျက်ကွက်မှုဖြစ်သကဲ့သို့ တာဝန်ရှိစေရမည်။

၁၈။ ကုန်စည်လွှဲပြောင်းပေးပို့ခြင်းကို သေချာစေရန်အလို့ငှာ အောက်ဖော်ပြပါ လိုအပ်သောပြုလုပ်မှု များကို ဆောင်ရွက်ရာတွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် -

(က) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို လွှဲပြောင်း နိုင်သောပုံစံဖြင့် ထုတ်ပေးပြီးသည့်အခါ -

(၁) "လက်ဝယ်ကိုင်ဆောင်သူသို့ လွှဲပြောင်းပေးပို့ရန်" ဟု ဖော်ပြပါက အဆိုပါကုန်စည် တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်မူရင်းတစ်စောင် ပေးအပ်သူအား ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

(၂) "အမိန့်ရသူသို့ လွှဲပြောင်းပေးပို့ရန်" ဟု ဖော်ပြပါက မှန်ကန်ကြောင်း ထပ်ဆင့်အတည်ပြု ထောက်ခံသည့် အဆိုပါကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ် မူရင်းတစ်စောင်ပေးအပ်သူအား ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

(၃) လွှဲပြောင်းပေးပို့ရမည့်သူ၏အမည်မပါရှိဘဲ ကွက်လပ်ဖြင့် "----သို့ လွှဲပြောင်းပေးပို့ရန်" ဟု ဖော်ပြပါက ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို လွှဲပြောင်းခြင်းမပြုနိုင်သောပုံစံဖြင့် ထုတ်ပေးပြီးသည့်အခါ -

(၁) "အမည်ဖော်ပြထားသူသို့ လွှဲပြောင်းပေးပို့ရန်" ဟု ဖော်ပြပါက ထိုသူ မှန်ကန်ကြောင်း သက်သေခံအထောက်အထားပြသနိုင်လျှင် အဆိုပါကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်မူရင်းတစ်စောင် ပေးအပ်သူအား ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

(၂) အဆိုပါသက်သေခံအထောက်အထားလက်မှတ်တွင် ကုန်စည်လက်ခံသူအဖြစ် အမည်ဖော်ပြထားသူ မှန်ကန်ကြောင်း သက်သေခံအထောက်အထားပြသပါက ထိုသူအား ထုတ်ပေးရမည်။

(ဂ) အဆိုပါကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ထုတ်ပေးခဲ့ခြင်း မရှိသည့်အခါ ပဋိညာဉ်အရ ကုန်စည်အပ်နှံသူက ညွှန်ကြားသည့်ပုဂ္ဂိုလ်ထံသို့ဖြစ်စေ၊ ကုန်စည်အပ်နှံသူ သို့မဟုတ် ကုန်စည်လက်ခံသူ၏ အခွင့်အရေးရရှိသူက ညွှန်ကြားသည့်ပုဂ္ဂိုလ်ထံသို့ဖြစ်စေ ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

၁၉။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပဋိညာဉ်အရ တာဝန်ယူပို့ဆောင်ရန် ကုန်စည်ကို စတင်လက်ခံသည့်အချိန်မှစ၍ ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ရာတွင်ဖြစ်စေ၊ ပုဒ်မ ၁၇ ပါ မိမိ၏ဝန်ထမ်း၊ ကိုယ်စားလှယ် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်ရာတွင်ဖြစ်စေ ကုန်စည်များ ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဆုံးရှုံးမှုအတွက် မိမိကိုယ်တိုင်တွင်သော်လည်းကောင်း၊ မိမိ၏ဝန်ထမ်း၊ ကိုယ်စားလှယ် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးတွင်သော်လည်းကောင်း တာဝန်မရှိကြောင်း သက်သေခံချက် အထောက်အထားမတင်ပြနိုင်လျှင် ယင်းဆုံးရှုံးမှုတစ်ခုခုအတွက် တာဝန်ရှိစေရမည်။

(ခ) ကုန်စည်လွှဲပြောင်းပေးပို့ရမည့်အချိန်ကာလနှင့်စပ်လျဉ်း၍ ကုန်စည်အပ်နှံသူက ကြေညာခြင်း မပြုလုပ်ခဲ့ဘဲ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကုန်စည်ကို လက်ခံခဲ့ခြင်းဖြစ်လျှင် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုအတွက် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူတွင် တာဝန်မရှိစေရ။

၂၀။ အတိအလင်းသဘောတူညီခဲ့သည့်အချိန်အတွင်း ကုန်စည်ကို လွှဲပြောင်းပေးပို့ခြင်းမပြုလျှင် သဘောတူညီချက်ကုန်ဆုံးသည့်နေ့၏ နောက်ရက်ကိုသော်လည်းကောင်း၊ ထိုသို့သော သဘောတူညီချက်မျိုးမရှိသည့် ကိစ္စတွင် ဂရုပြုလို့လစိုက်သော ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအနေဖြင့် ကိစ္စရပ်အခြေအနေပေါ်မူတည်၍ လျော်ကန်သင့်မြတ်သောအချိန်အတွင်း လွှဲပြောင်းပေးပို့ခြင်းမပြုလျှင် လျော်ကန်သင့်မြတ်သော အချိန်ကုန်ဆုံးသည့်နေ့ နောက်ရက်ကိုသော်လည်းကောင်း ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှု ပေါ်ပေါက်သည့်နေ့ဟု သတ်မှတ်သည်။

၂၁။ ပုဒ်မ ၂၀ အရ ကုန်စည်ကို လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုပေါ်ပေါက်ကြောင်း သတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ကုန်စည်ကို လွှဲပြောင်းပေးပို့ခြင်းမပြုနိုင်လျှင် ကုန်စည်ကို တောင်းဆိုပိုင်ခွင့်ရှိသူတစ်ဦးဦးသည် အခြားဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားမရှိပါက ပျောက်ဆုံးသည့် ကုန်စည်အဖြစ် မှတ်ယူ၍ ဆောင်ရွက်နိုင်သည်။

၂၂။ ပုဒ်မ ၁၉ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့်ကာလအတောအတွင်း အောက်ပါအခြေအနေတစ်ရပ်ဖြစ်စေ၊

တစ်ရပ်ထက်ပို၍ဖြစ်စေ ပေါ်ပေါက်ကြောင်း သက်သေထင်ရှားပြနိုင်ပါက အဆိုပါကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ -

(က) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ၊ ၎င်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ) ကုန်စည်ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နံပါတ်တပ်ခြင်း ပြုလုပ်ရာတွင် မလုံလောက်မှု သို့မဟုတ် အားနည်းချို့ယွင်းမှု၊

(ဂ) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ၎င်း၏ကိုယ်စား ဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်က ကုန်စည်ကိုင်တွယ်ထိန်းသိမ်းမှု၊ ကုန်စည်တင်မှု၊ ကုန်စည်ချမှု သို့မဟုတ် သိုလှောင်ထိန်းသိမ်းထားရှိမှု၊

(ဃ) ကုန်စည်၏ပင်ကိုသဘာဝချို့ယွင်းမှု သို့မဟုတ် မမြင်သာသောချို့ယွင်းမှု၊

(င) သက်ဆိုင်သည့် အလုပ်သမားများအစုအဝေးဖြင့် ဆန္ဒဖော်ထုတ်မှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု သို့မဟုတ် မလွန်ဆန်နိုင်သောဖြစ်ရပ် ပေါ်ပေါက်မှု။

၂၃။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၂၂ ပါ အခြေအနေများအပြင် ပင်လယ်ရေကြောင်းနှင့် ပြည်တွင်းရေကြောင်းတို့ဖြင့် ကုန်စည်ပို့ဆောင်ရာ၌ ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါကလည်း တာဝန်မရှိစေရ -

(က) ရေယာဉ်မှူး၊ သင်္ဘောသား၊ ရေကြောင်းပြအရာရှိ သို့မဟုတ် သယ်ယူပို့ဆောင်သူ၏ဝန်ထမ်းက တမင်ပြုလုပ်မှု၊ ပေါ့ဆမှု သို့မဟုတ် ပျက်ကွက်မှု၊

(ခ) သယ်ယူပို့ဆောင်သူနှင့်မသက်ဆိုင်သည့် မီးလောင်မှု၊

(ဂ) သတ်မှတ်ရေကြောင်းခရီးစဉ်စတင်ချိန်၌ အသုံးပြုသည့်သင်္ဘောမှာ သွားလာရေးအတွက် ကြံ့ခိုင်၍ လိုအပ်ချက်များ ပြည့်စုံမှုရှိကြောင်း ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက သက်သေထင်ရှားပြနိုင်ပြီး သတ်မှတ်ရေကြောင်းခရီးစဉ်အတွင်းတွင် သင်္ဘောမှာ ကြံ့ခိုင်ခြင်း၊ လိုအပ်ချက်များပြည့်စုံခြင်းမရှိဖြစ်လာမှု။

၂၄။ ကုန်စည်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လျော်ကြေးကို သတ်မှတ်ရာ၌ ကုန်စည်လက်ခံသူသို့ ကုန်စည်လွှဲပြောင်းပေးပို့သည့်နေရာနှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း၊ ပဋိညာဉ်နှင့်အညီ ကုန်စည်လွှဲပြောင်းပေးပို့ရမည့်နေရာနှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း အခြေခံရမည်။

၂၅။ ကုန်စည်တန်ဖိုးနှင့်စပ်လျဉ်း၍ လက်ရှိဖြစ်ပေါ်နေသော ကုန်စည်ချင်းဖလှယ်သည့် ကုန်စည်ဒိုင်ဈေးနှုန်းကိုသော်လည်းကောင်း၊ အဆိုပါဈေးနှုန်းမရှိလျှင် ကာလပေါက်ဈေးနှုန်းကိုသော်လည်းကောင်း၊ အဆိုပါ ကုန်စည်ချင်းဖလှယ်သည့်ဈေးနှုန်းနှင့် ကာလပေါက်ဈေးနှုန်းတို့ မရှိလျှင် အဆိုပါကုန်စည်အမျိုးအစားနှင့် အရည်အသွေးတူ ကုန်စည်၏ပုံမှန်တန်ဖိုးကိုသော်လည်းကောင်း အခြေခံ၍ ဆုံးဖြတ်ရမည်။

## အခန်း (၈)

## ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပေးအပ်ရန်တာဝန်ရှိမှုကန့်သတ်ချက်

၂၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပို့ဆောင်ရန် တာဝန်မယူမီ ကုန်စည်အပ်နှံသူက ကုန်စည်၏သဘာဝနှင့်တန်ဖိုးကို ကြေညာခြင်းမပြုခဲ့သည့်အပြင် ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်

သည့် သက်သေခံအထောက်အထားလက်မှတ်တွင်လည်း ထည့်သွင်းဖော်ပြခြင်းမရှိခဲ့လျှင် ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူသည် ဘက်စုံပို့ဆောင်ရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာသဘောတူစာချုပ်ကို အခြေခံ၍ ထုပ်ပိုးပစ္စည်းတစ်ခုချင်းအတွက်သော်လည်းကောင်း၊ ဆုံးရှုံး သည့် သို့မဟုတ် ပျက်စီးသည့် ကုန်စည်၏စုစုပေါင်းအလေးချိန်အတွက်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အများဆုံးပေးလျော်ရမည့် အထူးငွေကြေးထုတ်ယူ ပိုင်ခွင့်ယူနစ် ပမာဏထက်ပို၍ ပေးလျော်ရန် တာဝန်မရှိစေရ။

၂၇။ ကုန်သေတ္တာနှင့် ကုန်စည်တင်အခင်းပြားတို့ကို ထုပ်ပိုးပစ္စည်းတစ်ခု သို့မဟုတ် တစ်ယူနစ်ထက်ပို၍ ကုန်စည်တင်သည့်အခါ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်တွင် တစ်ခုချင်းစီ စာရင်းသွင်းထားသော ထုပ်ပိုးပစ္စည်း သို့မဟုတ် အခြားသင်္ဘောတင်ပစ္စည်း ယူနစ်များသည် ထုပ်ပိုးပစ္စည်း သို့မဟုတ် သင်္ဘောတင်ပစ္စည်းများဖြစ်သည်ဟု မှတ်ယူရမည်။ ထိုသို့မှတ်ယူရန် အချက်မှအပ အဆိုပါပို့ဆောင်ရေးပစ္စည်းများသည် ထုပ်ပိုးပစ္စည်းတစ်ခု သို့မဟုတ် တစ်ယူနစ်ဖြစ်သည်ဟု မှတ်ယူရမည်။

၂၈။ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေးတွင် ပဋိညာဉ် အရ ပင်လယ်ရေကြောင်း သို့မဟုတ် ပြည်တွင်းရေကြောင်းခရီးဖြင့် ကုန်စည်ပို့ဆောင်ခြင်း မပါဝင်ပါက ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပေးလျော်ရန်တာဝန်သည် ဆုံးရှုံးသော သို့မဟုတ် ပျက်စီးသော ကုန်စည်၏စုစုပေါင်းအလေးချိန်အတွက် ဘက်စုံပို့ဆောင်ရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာသဘောတူစာချုပ်ကို အခြေခံ၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်ပမာဏထက် မပိုစေရ။

၂၉။ ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုသည် ဘက်စုံပို့ဆောင်ရေး၏ သီးခြားပို့ဆောင်ရေးနည်းလမ်း တစ်လမ်းဖြင့် ပို့ဆောင်သည့်ကာလအတွင်း ပေါ်ပေါက်သည့်အခါ အဆိုပါဖြစ်ရပ်နှင့်စပ်လျဉ်း၍ ဘက်စုံ ပို့ဆောင်ရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာသဘောတူစာချုပ် တွင် အခြားပေးအပ်ရန် တာဝန်ကန့်သတ်ချက်ကို ပြဋ္ဌာန်းသတ်မှတ်ထားပြီး အဆိုပါသီးခြားသယ်ယူပို့ဆောင်ရေး နည်းလမ်းအတွက် ပဋိညာဉ်ကိုလည်း သီးခြားချုပ်ဆိုထားလျှင် အဆိုပါဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပေးလျော်ရန် တာဝန်ကန့်သတ်ချက်သည် ဖော်ပြပါ ကွန်ဗင်းရှင်းနှင့် ဒေသဆိုင်ရာသဘောတူစာချုပ်တို့ကို အခြေခံ၍ ဤဥပဒေအရ သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

၃၀။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုမှအပ ကုန်စည် ထုတ်ပေးရာတွင် နှောင့်နှေးကြန့်ကြာမှုကြောင့် ဆုံးရှုံးမှု သို့မဟုတ် နောက်ဆက်တွဲဆုံးရှုံးနစ်နာမှုအတွက် ပေးလျော်ရန်တာဝန်ရှိလျှင် ထိုသူ၏တာဝန်ရှိမှုသည် ပဋိညာဉ်အရ ကုန်စည်သယ်ယူပို့ဆောင်ခနှင့် ညီမျှသော ငွေပမာဏထက် မပိုစေရ။

၃၁။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ စုစုပေါင်းပေးလျော်ရန် တာဝန်ရှိမှုသည် ကုန်စည်အားလုံး ဆုံးရှုံးမှုအတွက် ပေးလျော်ရန်တာဝန်ထက် မပိုစေရ။

၃၂။ ကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုသည် ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ထိုသို့ဆုံးရှုံးစေရန်၊ ပျက်စီးစေရန် သို့မဟုတ် နှောင့်နှေးကြန့်ကြာစေရန် ရည်ရွယ်၍သော်လည်းကောင်း၊ အလေးမထား ဂရုမစိုက်ဘဲ သိလျက်နှင့်သော်လည်းကောင်း ပုဂ္ဂိုလ်ရေးအရ ပြုလုပ်ကြောင်း သို့မဟုတ် ပျက်ကွက်ကြောင်း သက်သေထင်ရှားပြသနိုင်လျှင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပေးအပ်ရန် တာဝန်ရှိမှုကန့်သတ်ချက်၏ အကျိုးကျေးဇူးကို ခံစားခွင့်မရှိစေရ။

## အခန်း (၉)
## ကုန်စည်အပ်နှံသူ၏တာဝန်နှင့် ပေးအပ်ရန်တာဝန်ရှိမှုများ

၃၃။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ဘက်စုံပို့ဆောင်ရေးကို စတင်တာဝန်ယူလက်ခံသည့် အချိန်တွင် ဘက်စုံပို့ဆောင်ရေးကုန်စည် တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် ထည့်သွင်းဖော်ပြရန် ကုန်စည်နှင့်စပ်လျဉ်း၍ သဘောသဘာဝ၊ အမှတ်တံဆိပ်၊ ကိန်းဂဏန်းနံပါတ်၊ အလေးချိန်၊ ပမာဏနှင့်အရေအတွက်၊ ဘေးအန္တရာယ်ဖြစ်စေတတ်သောပစ္စည်းဖြစ်ပါက ထိုသို့ဖြစ်ကြောင်း ဖော်ပြချက်တို့ကို ကုန်စည်အပ်နှံသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ကိုယ်စား ဆောင်ရွက်သူက ဖော်ပြသည့် အတိုင်း တိကျမှန်ကန်ကြောင်း ၎င်းက အာမခံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၃၄။ ကုန်စည်အပ်နှံသူသည် ဘေးအန္တရာယ်ရှိသောကုန်စည်ပေါ်တွင် ဘေးအန္တရာယ်ရှိကြောင်း ဖော်ပြသည့် အမှတ်တံဆိပ်ကိုဖြစ်စေ၊ ချိတ်ဆွဲတံဆိပ် သို့မဟုတ် ကပ်တံဆိပ်ကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်တပ်ဆင်ပေးရမည်။

၃၅။ ကုန်စည်အပ်နှံသူသည် ဘေးအန္တရာယ်ရှိသောကုန်စည်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၊ ထိုသူ၏ကိုယ်စား ဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးအားဖြစ်စေ လွှဲပြောင်းပေးအပ်သည့်အခါ ဘေးအန္တရာယ်ရှိသောကုန်စည်၏ လက္ခဏာနှင့် လိုအပ်လျှင် ကြိုတင်သတိထားဆောင်ရွက်ရမည့်အချက်များကို ထိုသူအား အသိပေးရမည်။ အကယ်၍ ကုန်စည်အပ်နှံသူက ထိုသို့ဆောင်ရွက်ရန်ပျက်ကွက်သည့်ပြင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူကလည်း လွှဲပြောင်းပေးအပ်သည့်ကုန်စည်မှာ ဘေးအန္တရာယ်ဖြစ်စေနိုင်သော လက္ခဏာရှိကြောင်း အခြားနည်းဖြင့် သိရှိမထားလျှင် -

(က) ထိုကုန်စည်ပို့ဆောင်ခြင်းဖြင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုအားလုံးအတွက် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား ကုန်စည်အပ်နှံသူက ပေးအပ်ရန် တာဝန်ရှိစေရမည်။

(ခ) ဖြစ်ပေါ်လာသော အခြေအနေလိုအပ်ချက်အရ မည်သည့်အချိန်အခါတွင်မဆို လွှဲပြောင်းပေးအပ်ထားသည့် ကုန်စည်အတွက် လျော်ကြေးပေးရန်မလိုဘဲ ဘေးအန္တရာယ်မဖြစ်စေရန် ယင်းကုန်စည်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ယင်း၏ကိုယ်စား ဆောင်ရွက်သူက ချထားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုနိုင်သည်။

၃၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ၎င်းတာဝန်ယူဆောင်ရွက်နေစဉ်အတွင်း ကုန်စည်များ၏ ဘေးအန္တရာယ်ရှိသည့်လက္ခဏာကို သိရှိထားပြီးဖြစ်လျှင် မည်သူမျှ ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များကို ကိုးကား၍ ဆောင်ရွက်ခြင်းမပြုနိုင်။

၃၇။ အကယ်၍ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် မသက်ဆိုင်သည့်အခါတွင်သော်လည်းကောင်း၊ ပုဒ်မ ၃၆ အရ ကိုးကားခြင်းမပြုနိုင်သည့်အခါတွင်သော်လည်းကောင်း ဘေးအန္တရာယ်ရှိသော ကုန်စည်သည် လူ့အသက်ကိုဖြစ်စေ၊ ပစ္စည်းဥစ္စာကိုဖြစ်စေ အမှန်တကယ်ဘေးအန္တရာယ်ပြုလာလျှင် ဖြစ်ပေါ်လာသော အခြေအနေလိုအပ်ချက်အရ ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို မျှဝေကျခံရသည့် ပျမ်းမျှ ထည့်ဝင်ကြေး သို့မဟုတ် ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်ရှိမှုများမှအပ လျော်ကြေးပေးရန်မလိုဘဲ ကုန်စည်ကို ဘေးအန္တရာယ်မဖြစ်စေရန် ချထားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုနိုင်သည်။

၃၈။ ပုဒ်မ ၃၃၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ တို့တွင် ရည်ညွှန်းထားသည့်အချက်များမှာ တိကျမှန်ကန်ခြင်းမရှိမှု သို့မဟုတ် မလုံလောက်မှုတစ်ခုခုကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုတစ်ရပ်ရပ် အတွက် ကုန်စည်အပ်နှံသူသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား နစ်နာကြေးပေးအပ်ရန် တာဝန် ရှိသည်။

၃၉။ ကုန်စည်အပ်နှံသူသည် ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်ကို ၎င်းက လွှဲပြောင်းပေးပြီးသည့်တိုင် ပေးအပ်ရန် တာဝန်ရှိမှုသည် ဆက်လက်၍တည်ရှိစေရမည်။

၄၀။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါ နစ်နာကြေးဆိုင်ရာ အခွင့်အရေးကို ကုန်စည်အပ်နှံသူမှအပ အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ ပဋိညာဉ်အရ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ ပေးအပ်ရန်တာဝန်ရှိမှုအား ကန့်သတ်ခြင်းမရှိစေရ။

## အခန်း (၁၀)
## အကြောင်းကြားခြင်း၊ တောင်းဆိုခြင်း၊ အရေးယူခြင်းနှင့် ကာလစည်းကမ်းသတ်

၄၁။ (က) ကုန်စည်လက်ခံသူအား ကုန်စည်ကို လွှဲပြောင်းပေးအပ်ချိန်တွင် ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှု၏အဖြစ်အပျက် သဘာဝအတိအကျဖော်ပြထားသော အကြောင်းကြားချက်ကို ကုန်စည်လက်ခံသူက ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူထံသို့ သတ်မှတ်ချက်များနှင့် အညီ လက်မှတ်ရေးထိုးထားသည့်စာဖြင့် ပေးပို့ထားခြင်းမရှိလျှင် အဆိုပါ လွှဲပြောင်းပေးအပ်မှု သည် ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ် တွင် ဖော်ပြထားသည့်အတိုင်း ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကုန်စည်လွှဲပြောင်း ပေးပို့ကြောင်း မြင်သာသော သက်သေခံချက်အထောက်အထားဖြစ်သည်။

(ခ) ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို အပြင်ပန်းအားဖြင့် သိသာထင်ရှားခြင်းမရှိသည့်ကိစ္စ တွင် ကုန်စည်လက်ခံသူသို့ ကုန်စည်ကို လွှဲပြောင်းပေးအပ်ပြီးနောက် ၎င်းက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသောကာလအတွင်း လက်မှတ်ရေးထိုး ထားသည့်စာဖြင့် အကြောင်းကြားပေးပို့ခြင်းမရှိလျှင် ထိုကုန်စည်ဆုံးရှုံးကြောင်း သို့မဟုတ် ပျက်စီးကြောင်း မြင်သာသော သက်သေခံအထောက်အထားမရှိဟု မှတ်ယူရမည်။

၄၂။ ဤဥပဒေအရ နစ်နာဆုံးရှုံးမှုတစ်ခုခုအတွက် အကြောင်းကြားစာပေးပို့ခြင်း၊ တရားရုံးနှင့် အနုညာတ ခုံသမာဓိရုံးတို့တွင် တရားစွဲဆိုခြင်း၊ တင်ပြတောင်းဆိုခြင်း၊ လျှောက်ထားခြင်းနှင့် ကာလစည်းကမ်းသတ်တို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ တစ်ရပ်ရပ်ဖြင့် သီးခြားထုတ်ပြန်၍ သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။ ထိုသို့ သတ်မှတ်ထားခြင်းမရှိလျှင် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

## အခန်း (၁၁)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၃။ ဗဟိုအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် လိုက်နာရန်ပျက်ကွက်သော ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား အောက်ပါစီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်းနှင့် သတ်မှတ်ထားသောဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

## အခန်း (၁၂)
## အယူခံခြင်း

၄၄။ ဗဟိုအဖွဲ့က ချမှတ်သော မှတ်ပုံတင်လက်မှတ်လျှောက်ထားချက်ကို ငြင်းပယ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ထိုအမိန့်ကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၄၅။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၄၄ အရ အယူခံမှုကို စိစစ်ပြီး ပလပ်ခြင်း သို့မဟုတ် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဝန်ကြီးဌာနက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၃)
## စီရင်ပိုင်ခွင့်အာဏာ

၄၆။ ဤဥပဒေအရ ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့် တရားစီရင်ရေးဆိုင်ရာအမှုများကို တရားလို၏ဆန္ဒအရ အောက်ဖော်ပြပါ နေရာဒေသတစ်ခုခုရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုတွင် တရားစွဲပိုင်ခွင့်ရှိသည် -

(က) တရားပြိုင်၏ ပင်မစီးပွားရေးလုပ်ငန်းတည်ရှိရာ နေရာဒေသ သို့မဟုတ် အမြဲတမ်းနေထိုင်ရာနေရာ ဒေသ၊

(ခ) ပဋိညာဉ်ချုပ်ဆိုသည့်နေရာဖြစ်ပြီး တရားပြိုင်၏ စီးပွားရေးလုပ်ငန်း၊ ရုံးခွဲ သို့မဟုတ် ကိုယ်စားလှယ် ရှိရာ နေရာဒေသ၊

(ဂ) ဘက်စုံပို့ဆောင်ရေးအတွက် ကုန်စည်ကို တာဝန်ယူလက်ခံသည့်နေရာ သို့မဟုတ် ကုန်စည် လွှဲပြောင်းပေးပို့သည့် နေရာဒေသ၊

(ဃ) ဤကိစ္စအလို့ငှာ ပဋိညာဉ်တွင် ဖော်ပြသည့် အခြားနေရာဒေသတစ်ခုခုနှင့် ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် သက်သေခံအဖြစ် ဖော်ပြ သည့် အခြားနေရာဒေသတစ်ခုခု။

၄၇။ ပုဒ်မ ၄၆ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ရပိုင်ခွင့်တောင်းဆိုရန် အကြောင်းပေါ်ပေါက်ပြီးနောက် စာချုပ်ဝင်တို့ ချုပ်ဆိုသည့် သဘောတူစာချုပ်တွင် တရားစွဲဆိုနိုင်ရန် သီးခြားသတ်မှတ်သည့် နေရာဒေသရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသည် စီရင်ပိုင်ခွင့်ရှိစေရမည်။

၄၈။ ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အနုညာတခုံသမာဓိဖြင့် ဖြေရှင်းပေးရန် တောင်းဆိုလျှောက်ထားသူ၏ဆန္ဒအရ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) မှ (ဃ) အထိ ဖော်ပြထားသော နေရာဒေသတစ်ခုခု၌ အနုညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းကို ပဋိညာဉ်နှင့်အညီ ပြုလုပ်နိုင်သည်။

၄၉။ ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အနုညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပဋိညာဉ်တွင် သဘော တူညီထားသည့်အတိုင်း မည်သည့်လုပ်ထုံးလုပ်နည်းဖြင့် ဖြေရှင်းမည်ကို ရွေးချယ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၅၀။ ပုဒ်မ ၄၈ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အငြင်းပွားမှုအတွက် အနုညာတခုံသမာဓိဖြင့် ဖြေရှင်းပေးရန် တောင်းဆိုလျှောက်ထားပြီးနောက် စာချုပ်ဝင်တို့ ချုပ်ဆိုသည့် သဘောတူစာချုပ်တွင် သီးခြား သတ်မှတ်သည့် နေရာဒေသရှိ အနုညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းကို ပြုလုပ်နိုင်သည်။

## အခန်း (၁၄)
## ပြစ်မှုနှင့်ပြစ်ဒဏ်

၅၁။ မည်သူမဆို မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၂၅ သိန်းမှ အများဆုံး ကျပ်သိန်း ၁၅၀ အထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၅)
## အထွေထွေ

၅၂။ ဤဥပဒေတွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဤဥပဒေပါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်များ၊ ပေးအပ်ရန်တာဝန်ရှိမှုများ၊ ကင်းလွတ်ချက်များနှင့် ပေးအပ်ရန်တာဝန်ကန့်သတ်ချက်များသည် -

(က) မှတ်ပုံတင်လက်မှတ်ရရှိသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူနှင့် သက်ဆိုင်စေရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ရရှိသော ကိုယ်စားလှယ်နှင့်လည်းကောင်း၊ သီးခြားဆန့်ကျင်ကွဲလွဲသည့် သဘောတူညီချက်မရှိပါက ကိုယ်စားလှယ်လွှဲအပ်သူနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၅၃။ (က) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ပါ သတ်မှတ်ချက်တစ်ရပ်ရပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သွေဖည်သည့်အပြင် ကုန်စည်တင်ပို့သူကိုဖြစ်စေ၊ ကုန်စည်လက်ခံသူကိုဖြစ်စေ ထိခိုက်နစ်နာစေပါက ပျက်ပြယ်စေရမည်ဖြစ်ပြီး အကျိုးသက်ရောက်စေရန် တင်ပြခွင့်မရှိစေရ။ သို့ရာတွင် ထိုပြဋ္ဌာန်းချက်သည် အဆိုပါ သက်သေခံအထောက်အထားလက်မှတ်၌ ပါရှိသော အခြားသတ်မှတ်ချက်များကို ထိခိုက်ခြင်း မရှိစေရ။

(ခ) အခန်း (၇) ပါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် ပေးအပ်ရန်တာဝန်ရှိမှုများတွင်လည်းကောင်း၊ အခန်း (၈) ပါ ပေးအပ်ရန်တာဝန်ရှိမှု ကန့်သတ်ချက်များတွင်လည်းကောင်း မည်သို့ပင်ပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်အပ်နှံသူ၏ သဘောတူညီချက်ဖြင့် ပဋိညာဉ်တွင် မိမိ၏တာဝန်ရှိမှုနှင့် ပေးအပ်ရန်တာဝန်များကို ပိုမို၍ တိုးမြှင့်သတ်မှတ်ပေးနိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် ဤဥပဒေအရ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်း၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ အာမခံအထောက်အထားနှင့် အခြားအခကြေးငွေများကို သတ်မှတ်ထားရမည်။

၅၅။ ပုဒ်မ ၅၁ အရ တရားစွဲဆိုမှုတွင် တရားရုံးက အပြီးသတ်အမိန့်ချမှတ်ခြင်းမပြုမီ တရားစွဲဆိုခြင်းခံရသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပုဒ်မ ၅၁ တွင် သတ်မှတ်ထားသည့် အများဆုံးဒဏ်ငွေကို ဤဥပဒေပါကိစ္စအလို့ငှာ ဗဟိုအဖွဲ့က စီမံခန့်ခွဲနိုင်ရန် မှတ်ပုံတင်အရာရှိထံ ပေးဆောင်လျှင် မှတ်ပုံတင်အရာရှိသည် တရားရုံးတွင် ထိုအမှုကို ကျေအေးရမည်။

၅၆။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေနှင့်ဒဏ်ကြေးငွေများ ပေးဆောင်ရန်ပျက်ကွက်သူထံမှ ထိုအခကြေးငွေနှင့် ဒဏ်ကြေးငွေများကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၅၇။ ဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူအကျိုးငှာ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်ရယူခြင်းမှဖြစ်စေ၊

မှတ်ပုံတင်ခ သို့မဟုတ် အခြားအခကြေးငွေပေးသွင်းရခြင်းမှဖြစ်စေ စည်းကမ်းချက်များ သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၅၈။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မြို့နယ်တရားရုံးမှ မည်သည့် စီရင်ပိုင်ခွင့်အာဏာရတရားသူကြီးမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်တွင် သတ်မှတ်ထားသည့်ဒဏ်ငွေကို ချမှတ်ရန် စီရင်ပိုင်ခွင့်အာဏာ ရရှိစေရမည်။

၅၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပို့ဆောင်ရေးဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

**ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်း ကော်မတီ" ၏လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်အစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်သွင်းခဲ့ပြီး ယင်းအစီရင်ခံစာကို မှတ်တမ်းတင် ထားရှိရန်နှင့် အစီရင်ခံစာပါ အကြောင်းအရာများကို အကောင်အထည်ဖော်နိုင်ရေးအတွက် သီးခြားကော်မတီ တစ်ရပ် ထပ်မံဖွဲ့စည်းပြီး ဆက်လက်ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ် ခဲ့ပါသည်။

၂။ ပြည်ထောင်စုလွှတ်တော်နာယကသည် လွှတ်တော်၏သဘောတူဆုံးဖြတ်ချက်နှင့်အညီ အစီရင်ခံစာပါ အကြောင်းအရာများကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် **"ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ"** ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

## ဖွဲ့စည်းခြင်း

၃။ ကော်မတီကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၃၁ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | | |
|---|---|---|---|
| (က) | ဦးနန္ဒကျော်စွာ | ဒုတိယနာယက ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဦးမြညိမ်း | ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | သူရဦးအေးမြင့် | ဝက်လက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းဇော် | မြစ်ကြီးနားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးသိန်းဆွေ | အမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးတင်မောင်ဦး | ရွှေပြည်သာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးဝင်းမြင့် | ပုသိမ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းဘိုးအောင် | မူဆယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဉာဏ်ဆွေဝင်း | ကျောက်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးပိုက်လင်း | ပလက်ဝမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဒေါ်နန်းစေအွာ | ဘားအံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးစိုးဝင်း | စမ်းချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးဇော်မြင့်ဖေ | မန္တလေးတိုင်းဒေသကြီးအမှတ် (၅) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးစံပြည့် | ကချင်ပြည်နယ်အမှတ် (၇) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးရှုမောင် | ရှမ်းပြည်နယ်အမှတ် (၈) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဒ) | ဒေါက်တာမြင့်ကြည် | ရန်ကုန်တိုင်းဒေသကြီးအမှတ် (၈) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဓ) | ဦးပိုးရယ်အောင်သိန်း | ကယားပြည်နယ်အမှတ် (၈) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (န) | ဦးအောင်ကြည်ညွန့် | မကွေးတိုင်းဒေသကြီးအမှတ် (၄) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ပ) | ဒေါက်တာအေးမောင် | ရခိုင်ပြည်နယ်အမှတ် (၁) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဖ) | ဒေါက်တာ ဗညားအောင်မိုး | မွန်ပြည်နယ်အမှတ် (၇) မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဗ) | ဗိုလ်မှူးချုပ် တင်စန်းနိုင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဘ) | ဗိုလ်မှူးချုပ် မောင်မောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (မ) | ဗိုလ်မှူးကြီးမြင့်ကိုကို | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ယ) | ဗိုလ်မှူးချုပ် ခင်မောင်အေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ရ) | ဗိုလ်မှူးချုပ် အောင်ကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (လ) | ဗိုလ်မှူးချုပ် သက်ထွန်းအောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဝ) | ဒုမှူးကြီး ကျော်ကျော်လင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (သ) | ဦးခင်မောင်ရီ | ဧရာဝတီတိုင်းဒေသကြီးအမှတ် (၆) မဲဆန္ဒနယ် | တွဲဖက်အတွင်းရေးမှူး |
| (ဟ) | ဦးအေးမောက် | မလှိုင်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၄။ ဥက္ကဋ္ဌသည် ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင် ပြောင်းလဲခန့်အပ်ခြင်းများ ဆောင်ရွက်လိုပါက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ တင်ပြပြီး ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၅။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်ပေါင်းစည်းရေးကို အထောက်အကူပြုနိုင်စေရန် လွှတ်တော်အတွင်းရှိ တိုင်းရင်းသားနိုင်ငံရေးပါတီများမှ အောက်ပါကိုယ်စားလှယ်များသည် ကော်မတီအဖွဲ့ဝင်များအဖြစ် ပါဝင်ခြင်းမရှိသော်လည်း ကော်မတီအစည်းအဝေးများသို့ တက်ရောက်၍ အကြံပြုဆွေးနွေးနိုင်သည် -

(က) ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ်အမှတ် (၄) မဲဆန္ဒနယ်၊ ချင်းအမျိုးသားပါတီ၊

(ခ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ်အမှတ် (၁၂) မဲဆန္ဒနယ်၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊

(ဂ) ဦးစောတော်ပလဲ၊ ကရင်ပြည်နယ်အမှတ် (၇) မဲဆန္ဒနယ်၊ ကရင်ပြည်သူ့ပါတီ၊

(ဃ) ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန်မဲဆန္ဒနယ်၊ စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ၊ ကချင်ပြည်နယ် (စဒက)၊

(င) ဦးထွန်းကျော်၊ ရှမ်းပြည်နယ်အမှတ် (၁၀) မဲဆန္ဒနယ်၊ တအာင်း (ပလောင်) အမျိုးသားပါတီ၊

(စ) ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊

(ဆ) ဦးမန်းအောင်တင်မြင့်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၂)၊ ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊

(ဇ) ဦးဝင်းဆွေ၊ ညောင်ရွှေမဲဆန္ဒနယ်၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊

(ဈ) ဦးအောင်သိန်း၊ ရွာငံမဲဆန္ဒနယ်၊ ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ။

**ကော်မတီ၏သက်တမ်း**

၆။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ ပြည်ထောင်စုလွှတ်တော်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရုပ်သိမ်းသည့်အချိန်အထိဖြစ်သည်။

**ကော်မတီ၏တာဝန်များ**

၇။ ကော်မတီသည် အောက်ပါဦးတည်ချက်များကို အခြေခံ၍ ဆောင်ရွက်ရမည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့်လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာစေရေး၊

(ခ) တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန် မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး။

၈။ ကော်မတီသည် "ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ" ၏ အစီရင်ခံစာပါ အကြောင်းအရာနှင့် အချက်အလက်တို့ကို လေ့လာ၍ အထက်ပါဦးတည်ချက်များနှင့်အညီ သုံးသပ်ဖော်ထုတ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် အခြား အရေးကြီးသောအခန်းများတွင် ပါရှိသော အကြောင်းအရာများကိုပါ အလေးထားသုံးသပ်ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၉။ ကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ပိုမိုကောင်းမွန်အောင် ပြင်ဆင်သင့်သည့် အကြောင်းအရာများ၊ ပြင်ဆင်ခြင်းမပြုဘဲ ဆက်လက်ထားရှိသင့်သည့် အကြောင်းအရာများကို လေ့လာဖော်ထုတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ် ဖြစ်ပေါ်လာသည်အထိ တာဝန်ယူဆောင်ရွက်ရမည်။

၁၀။ ကော်မတီ၏ဆွေးနွေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ မတင်ပြမီအချိန် အထိ ပေါက်ကြားမှုမရှိစေရန် လျှို့ဝှက်အဆင့်သတ်မှတ်ထိန်းသိမ်းရမည်။ ကော်မတီအစည်းအဝေးမှတ်တမ်း တွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်ပြီး ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

၁၁။ ကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၁၂။ ကော်မတီဥက္ကဋ္ဌသည် ကော်မတီအစည်းအဝေးများကို သင့်လျော်သလို ခေါ်ယူကျင်းပနိုင်သည်။

၁၃။ ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမရှိသော အထက်အပိုဒ် ၅ ပါ လွှတ်တော်အတွင်းရှိ နိုင်ငံရေး ပါတီအချို့မှ လွှတ်တော်ကိုယ်စားလှယ်များကို ကော်မတီအစည်းအဝေးများသို့ လေ့လာသူအဖြစ် ဖိတ်ကြား၍ ပါဝင်ဆွေးနွေးခွင့်ပြုနိုင်သည်။ သို့သော် ဆန္ဒမဲပေးခွင့်မရှိစေရ။

၁၄။ ကော်မတီအစည်းအဝေးများတွင် အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မထိခိုက်စေဘဲ လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်ရှိပြီး ယင်းသို့ ပြောဆိုဆွေးနွေးမှုများအတွက် လွှတ်တော်ဆိုင်ရာဥပဒေများမှအပ အခြား ဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၁၅။ ကော်မတီအစည်းအဝေးများတွင် အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၁၆။ ကော်မတီအစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ယင်းအစည်းအဝေးသို့ တက်ရောက်သည့် ကော်မတီဝင်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ် ရမည်။

၁၇။ ကော်မတီအတွက် လိုအပ်သည့် အထောက်အထား၊ စာရွက်စာတမ်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးသို့ ပြည်ထောင်စုလွှတ်တော်ရုံးမှတစ်ဆင့် တောင်းခံနိုင်သည်။

၁၈။ ကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ် ပြုစုရေးဆောင်ရွက် ရာတွင် အောက်ပါပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းအသီးသီးတို့ထံမှ အကြံဉာဏ်များ ရယူနိုင်သည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားလှယ်၊

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားစီရင်ရေးဆိုင်ရာအခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊

(ဃ) တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊

(င) တိုင်းရင်းသားရေးရာဝန်ကြီးများ၊

(စ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုယ်စားလှယ်များ၊

(ဆ) နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊

(ဇ) ဥပဒေပညာရှင်များ။

**အထွေထွေ**

၁၉။ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများအတိုင်းဖြစ်သည်။

၂၀။ ကော်မတီ၏ ရုံးလုပ်ငန်းဆိုင်ရာများကို ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။ လိုအပ်ပါက ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့က ပူးပေါင်းကူညီဆောင်ရွက်ရမည်။

၂၁။ ကော်မတီအတွက် လိုအပ်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာလွှတ်တော်ရုံး အသီးသီးက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးရမည်။

၂၂။ ကော်မတီအတွက် သီးခြားလိုအပ်ချက်များရှိပါက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ တင်ပြ တောင်းခံနိုင်သည်။

၂၃။ ကော်မတီသည် ပြည်ထောင်စုလွှတ်တော်နာယက က အခါအားလျော်စွာထုတ်ပြန်သော အမိန့် ကြော်ငြာစာ၊ ညွှန်ကြားချက်များကို အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၂၄။ ကော်မတီသက်တမ်းကုန်ဆုံးပါက ဆွေးနွေးဆုံးဖြတ်ချက်နှင့် အစီရင်ခံစာမှတ်တမ်းများ၊ စာရွက် စာတမ်း အထောက်အထားများအားလုံးကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ စနစ်တကျလွှဲပြောင်းအပ်နှံရမည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

## ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၈) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည်၏မေးခွန်းနှင့် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ဖြေကြားချက်များ

**လာမည့်ပညာသင်ကာလတွင် အခြေခံအဆင့်ကျောင်းများ၏သင်ရိုးကို ပြောင်းလဲရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ ဒေါက်တာမြင့်ကြည်က လာမည့်ပညာသင်ကာလတွင် အခြေခံအဆင့်ကျောင်းများ၏သင်ရိုးကို ပြောင်းလဲရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၈) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ လာမယ့်ပညာသင်ကာလတွင် အခြေခံအဆင့်ပညာကျောင်းများ၏ သင်ရိုးပြောင်းလဲရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာပါ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမှာ အခြေခံအဆင့်ဆိုတာကတော့ မူလတန်းရယ်၊ အလယ်တန်းရယ်၊ အထက်တန်းရယ် ဒီဟာကိုပဲ ရည်ညွှန်းခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့တစ်နိုင်ငံလုံးမှာရှိနေတဲ့ မိဘများက အခုဆိုရင် ကလေးတွေ၊ ကလေးတွေဆိုတာက မူလတန်း အလယ်တန်းကစပြီးတော့ အထက်တန်းအဆင့်အထိ ကျူရှင်တွေယူကြရတယ်။ နောက်ပြီးတဲ့အခါကျတော့ ဒီကလေးတွေဆိုလို့ရှိရင် သယ်ရတဲ့ စာအုပ်ကအစ ဒါအကုန်လုံးလည်း ကြားနေကြတာပါ။ ဟိုနောက်ကတစ်ယောက်ကလိုက်ပြီးတော့ ဒီဆာလာအိတ်နဲ့ထမ်းပြီးတော့ သယ်ရမယ်ဆိုတဲ့ သဘောမျိုးကအစ ပြောဆိုနေကြခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီကိစ္စရပ်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနက စဉ်းစားပြီးတော့ ဘယ်လိုသင်ရိုးညွှန်းတမ်းတွေကို ဆောင်ရွက်ရင်ကောင်းမလဲ။ ဒီဟာများ စဉ်းစားပြီးတော့ ဆောင်ရွက်ထားခြင်း ရှိ/မရှိ ဆိုတဲ့ဟာကို လည်းပဲ သိချင်လို့တဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

နောက် ၂၁ ရာစုအဝင်မှာ ဒါစာတမ်းတွေ အများကြီးရှိပါတယ်။ ဥပမာ - အင်္ဂလန်နိုင်ငံဆိုလည်းပဲ ဒီအတိုင်းပဲ။ (National Curriculum England) ဆိုပြီးတော့ ဒါလာမယ့် ၂၁ ရာစု၊ စင်ကာပူဆိုလည်း ဒီအတိုင်းပဲ။ နိုင်ငံတိုင်းက သူတို့ရဲ့သင်ရိုးတွေကို ပြန်လည်သုံးသပ်ပြီးတော့ ဆောင်ရွက်နေကြခြင်းလည်းပဲ ရှိပါတယ်။ အဲဒီတော့ ဒီသင်ရိုးတွေကို ရေးဆွဲတဲ့အခါမှာ အခြေခံအားဖြင့်တော့ အကြမ်းဖျင်းအားဖြင့် တူကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဆိုပြီးတော့ သွားပါတယ်။ တစ်နည်းအားဖြင့် ဟိုဘက်မှာလည်းပဲ သွားတာက စိတ်ဓာတ်ရယ်၊ စိတ်ဓာတ်မြှင့်တင်မှုရယ်၊ နောက်ပြီးတော့ (Physical Development) ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုရယ် ဒီအပိုင်းတွေကို အဓိကထားပြီးတော့ ဆောင်ရွက်ကြတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အသေးစိတ်ပြောရရင်တော့ ကျွန်တော် အချို့အင်္ဂလိပ်လိုအသုံးအနှုန်းလေး ခွင့်ပြုပါခင်ဗျာ။ (Spiritual, moral, Culture, Mind and Physical Development) ဆိုပြီးတော့ ဒီဟာကို တိုးတက်ဖို့အတွက် ကျွန်တော်တို့က ဆောင်ရွက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီဟာတွေရေးဆွဲတဲ့အခါမှာ ဒီအစိတ်အပိုင်းတွေ ဘယ်လောက်လောက်ပါသလဲ။ ပြန်လည်ဆန်းစစ်ဖို့လိုပါတယ်။ ဒီအစိတ်အပိုင်း ဒီအထဲမှာ ဘယ်လောက်လောက်ပါသလဲ၊ မပါဘူးလဲ။ ဒါအတွက် ဆန်းစစ်ဖို့လိုပါတယ်။

နောက်တစ်ဆင့်ကတော့ ဒီကလေးတွေဟာ သူတို့နောက်ပိုင်း သူတို့ဘဝတစ်လျှောက်လုံးမှာ တွေ့ကြုံလာရမယ့် အတွေ့အကြုံတွေကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် အတွေ့အကြုံတွေ (experience) တွေရဖို့၊ နောက်အဲဒီမှာ တာဝန်ယူနိုင်ဖို့ (Responsibility) တွေ၊ သူတို့က ဘာတာဝန်တွေရှိသလဲ၊ ဘယ်လိုများ ဆောင်ရွက်နိုင်စွမ်းရှိသလဲ၊ ဘယ်လိုစုပေါင်းဆောင်ရွက်မလဲ၊ ဒီဟာတွေ နောက်သူတို့ရဲ့ ရလာနိုင်တဲ့ အခွင့်အရေးတွေ၊ အခွင့်အလမ်းတွေ (opportunities) တွေ အဲဒီတော့ ဒီသင်ရိုးတွေဆွဲတဲ့အခါမှာ ဒါတွေ ပါလား။ တစ်နည်းအားဖြင့်တော့ ကျွန်တော်တို့ ဆွေးနွေးနေတဲ့ အရင်တုန်းကလည်းပဲ (Innovation Creation၊ Invention) သူတို့ရဲ့ တီထွင်မှု၊ ကြံဆမှု စသည်အားဖြင့် ဒီအစိတ်အပိုင်းတွေ၊ ဒီသင်ရိုးတွေမှာ ဘယ်လောက်လောက်များ ထည့်ပြီးတော့ ရေးဆွဲထားသလဲ။ သင်တဲ့အခါမှာလည်းပဲ ဘယ်လိုများ ကျွန်တော်တို့က ပါဝင်နေလဲ။ ဒီဟာတွေ ပြန်လည်ဆန်းစစ်ဖို့လိုမယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။

နောက်နိုင်ငံအတော်များများကို ဥရောပမှာပဲဖြစ်ဖြစ် ကျွန်တော်တို့ အာရှ၊ ဒီဘက်မှာဆိုရင် ကျွန်တော်တို့အနီးဆုံးနိုင်ငံ ထိုင်းနိုင်ငံတို့၊ စင်ကာပူနိုင်ငံတို့ ဒီနိုင်ငံတွေမှာပဲဖြစ်ဖြစ် ကျွန်တော်တို့ကြည့်လိုက်ရင် အသက် (၅) နှစ်၊ ဒါမှမဟုတ်ရင် အသက် (၆) နှစ်ကနေ ပြီးတော့ (၁၆) နှစ်အရွယ်အထိဟာ အဓိကအားဖြင့်တော့ ကျွန်တော်တို့ဘာသာစကားပေ့ါလေ၊ ဘာသာစကားဆိုတာ အင်္ဂလိပ်စာ၊ နောက်သူတို့ရဲ့ မိခင်ဘာသာစကား၊ ပြီးတဲ့အခါကျတော့ Science ပဲ သူတို့ခေါ်ပါတယ်။ Science။ နောက်ပြီးတော့ သင်္ချာပေ့ါ (mathematics) ဒါတွေကို အဓိကထားပြီးတော့ သူတို့သင်ပါတယ်။ ပြီးတဲ့အခါကျတော့ ကျန်တဲ့ဟာတွေကတော့ Geography ပထဝီတို့၊ သမိုင်းတို့ ဒီဟာတွေ ပါပါတယ်။ နောက်ပြီး ကျွန်တော်တို့ ဒါအခုခေတ်နဲ့ လျော်ညီစွာ ကွန်ပျူတာနဲ့ပတ်သက်တဲ့ ICT တို့၊ နောက်တစ်ခါကျရင် သူတို့က နယ်မြေနဲ့ပတ်သက်တဲ့၊ သက်ဆိုင်ရာနယ်မြေနဲ့ပတ်သက်လို့ သူတို့သင်ဖို့လိုအပ်တဲ့ (Design and Technology) တို့ ဒီဟာတွေ ထည့်တယ်။ နောက်ပြီးတော့ တော်တော်များများ အကုန်လုံးပါတာကတော့ Music၊ တစ်နည်းအားဖြင့်တော့ ဂီတပိုင်းဆိုင်ရာ ဒီလိုပဲ ကျွန်တော်တော့ ဘာသာပြန်မယ်လို့ ယူဆပါတယ်။ ဒီဟာတွေ ကျွန်တော်တို့ သင်ပါတယ်။

နောက် Physical Training ဒီဟာ မဖြစ်မနေ ကျွန်တော်တို့က ပါပါတယ်။ ဒါ ကျွန်တော်တို့ဆီမှာ ရှိတဲ့ ဒါ ဟိုဒင်းပေ့ါ ပြည်သူ့နီတိ၊ ဒါတွေကလည်းပဲ ပါပါတယ်။ ကျန်တဲ့ဟာတွေကတော့ ဒါ Business နဲ့ ပတ်သက်တဲ့ဟာတွေ တချို့နေရာတွေမှာ ပါတယ်။ တချို့နေရာတွေမှာ မသင်ဘူး စသည်အားဖြင့် ရှိတယ်။ နောက်တစ်ချက် အင်္ဂလန်မှာကအစ ထူးခြားတာ။ ဘာသာရေးနဲ့ဆိုင်တဲ့ နောက် ကျွန်တော် လေ့လာသလောက် အရင်တုန်းက သာသနာရေးမှာလည်း ကျွန်တော် ရှိခဲ့တော့။ လေ့လာသလောက် နယူးဇီလန်တို့၊ ဘာတို့ မှာလည်း ဒီအတိုင်းပဲ ဘာသာရေးနဲ့ပတ်သက်တဲ့ စာပေတွေ အချိန်အားလျော်စွာ သူကတော့ အဓိကထဲမှာ မပါပါဘူး။ သူတို့ Core Subject ထဲမှာ မပါဘူး။ ဒါ အပြင်ပေ့ါနော်။ သူတို့ရဲ့ foundation တချို့တွေထဲမှာ ပါပါတယ်။ အခြေခံထဲမှာတော့ ဒါလေးတွေ သူတို့ သင်ကြားပါတယ်။ သူတို့မှာ ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အခုသင်ရိုးတွေဟာ အဲဒီလို ၂၁ ရာစု သူတို့ဆွဲနေတဲ့ သင်ရိုးတွေနဲ့ ပြန်လည်ပြီးတော့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ထားခြင်း ရှိ/မရှိပေ့ါ။ ဒါကြောင့်မို့လို့ ဒီဟာလည်းပဲ ကျွန်တော်တို့ ပါပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့သင်ကြားတဲ့အခါမှာ သင်ရိုးတွေ ဆွဲပြီး သင်ကြားတဲ့အခါမှာ သက်ဆိုင်ရာပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ Pedagology တို့၊ သင်ကြားနည်းစနစ်တွေ အခြေခံမှာ ဒီဟာ လိုပါတယ်။ ဒီမှာ ကျွန်တော်မေးထားတဲ့အထဲမှာလည်းပဲ နည်းနည်းသင်၊ များများလေ့လာဆိုပြီးတော့ ဒါဟာ ဘာလဲဆိုတော့ ခုနက နီးစပ်တဲ့နိုင်ငံတွေ၊ ကျွန်တော့်တို့အနီးအနားမှာရှိတဲ့ နိုင်ငံတွေ နည်းနည်းသင်မယ်၊ များများလေ့လာမယ်။ နည်းနည်းသင်တယ်ဆိုတာက ဒီကလေးတွေကို ခုနတုန်းက ဥပမာ ပန်းပွင့်လေးတစ်ပွင့်အကြောင်းကို သူတို့ပန်းနဲ့ပတ်သက်တဲ့အကြောင်းကို ကျွန်တော်တို့က လေ့လာမယ်။ လေ့လာတဲ့အခါကျတော့ ကလေးတွေကို ကဲ မင်းတို့အိမ်မှာရှိနေတဲ့ မင်းတို့သိတဲ့ ပန်းလေးပုံကို ဆွဲခဲ့။ ဒါမှမဟုတ်ရင် ဒါလေးတွေကို ယူခဲ့။ ဟုတ်ပါပြီ။ ယူလာပြီးတဲ့အခါကျတော့ တစ်ယောက်က ဥပမာ နှင်းဆီပန်းလေး ယူလာမယ်။ တစ်ယောက်က ဒီအပြင် ပန်းတစ်မျိုးယူလာမယ်။ အမျိုးမျိုးပေ့ါ။ ယူလာတဲ့အခါမှာ အရောင်တွေကလည်း အမျိုးမျိုးကွဲတယ်။ ဒါဖြင့်ရင် ကလေးတွေက သူတို့ရဲ့စိတ်ထဲမှာကိုက သူတို့ဟာသူ ဒါဘာကြောင့် အနီရောင်ဖြစ်တာလဲ။ ဘာကြောင့် အစိမ်းရောင်ဖြစ်တာလဲ။ နှင်းဆီဆိုရင် ဆူးလေးနဲ့ ဘာကြောင့်လဲ။ သူတို့ စဉ်းစားတွေးခေါ်လာနိုင်တဲ့ဉာဏ်တွေကိုလည်းပဲ ဒါ သူတို့ ချဲ့ထွင်ပေးပါတယ်။ အဲဒီအခါမှာ စာရေးလို့ သေသေချာချာမနိုင်သေးတဲ့ ကလေးကျတော့ ဒါ ဆရာနဲ့ ဒီကလေးနဲ့ သူ့ဟာသူ ဆွေးနွေးတဲ့သဘောမျိုး ကျောင်းသားချင်း ဆွေးနွေးတဲ့သဘောမျိုး ဒီလိုဆောင်ရွက်ပါတယ်။ စာတွေ၊ ဘာတွေ ရေးတတ်လာပြီ။ သူ့အသက်နဲ့ပတ်သက်ပြီးတော့ အဲဒီအခါကျတော့ စာတမ်းလေးတွေ သူတို့ ရေးကြတယ်။ ဒါ ဘာကြောင့် သူတို့ လေ့လာမယ်၊ ရှာဖွေမယ်။ ဒီလို ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ ဒါ နိုင်ငံတကာမှာ အနီးမှာ သင်နေတဲ့ဟာ။

အဲဒီတော့ ဒီစာတမ်းလေးတွေရေးတဲ့အပေါ်မှာ မူတည်ပြီး ဒီကလေးတွေရဲ့ အရည်အသွေးကိုလည်း သတ်မှတ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်းပဲ ကျွန်တော်တို့က ဒါခုနတုန်းက ပြောသလို Heavy ကျူရှင် အကြီးအကျယ် ကျွန်တော်တို့က ယူစရာမလိုတော့ဘူး။ ဒါကြောင့်မို့လို့ ဒီနေ့ သက်ဆိုင်ရာ ဟိုဘက်မှာ ဥပဒေတွေနဲ့ ကျွန်တော် ကြည့်လိုက်တဲ့အခါမှာ ဆရာနဲ့ကျောင်းသား Ratio ဟာ ပညာဝန်ကြီးဌာနနဲ့ ကျွန်တော်

ဟိုမှာတက်တော့ သူတို့လည်း ပြောပါတယ်။ မေးတော့။ ဆရာနဲ့ကျောင်းသား Ratio ဟာ ကျောင်းသား (၂၀) နဲ့ ဆရာ (၁) ဦးလို့ ဒီလိုသတ်မှတ်ပါတယ်။ ပြောပါတယ်။ ခုနတုန်းကတော့ (၈၀) လို့ ကျွန်တော် ပြောသွားပါတယ်။ အဲဒီတော့ ကျောင်းသားနဲ့ဆရာအချိုးဟာ ၁း၂၀ ဖြစ်နေရင်တော့ ဆရာမတစ်ယောက်က၊ ဆရာတစ်ယောက်က ဒီအတန်းကို အခုနတုန်းကပြောသလို Training ပေးလို့ရပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ နည်းနည်းသင်ပြီးတော့ များများလေ့လာဆိုတာက အဲဒီသဘောပါ။ Geography သင်မယ်။ ဒီအတိုင်းပါပဲ။ သမိုင်းဘာသာရပ်သင်မယ် ဒီအတိုင်းပါပဲ။ ကျွန်တော်တို့က ဥပမာ Music ကို သွားတဲ့အခါကျတော့ကလည်း ဒီကလေးတွေက မှတ်လိုက်တာကတော့ ဒီအသံထွက်တယ်။ ဟိုဘက်က ကြေးနောင်လေးကတော့ ဒီအသံထွက်တယ်။ ဘာကြောင့်လဲ။ သူတို့ရဲ့ဆန်းစစ်လေ့လာချင်တဲ့ စိတ်တွေ၊ Innovation ဖြစ်အောင်လို့ ဒီဟာကို လုပ်ပေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို လာမယ့်ပညာသင်နှစ်မှာ အခြေခံကျောင်းများရဲ့သင်ရိုးကို ပြောင်းလဲရန် အစီအစဉ် ရှိ၊ မရှိနဲ့ နောက် ကျွန်တော် ဒီမှာလည်းပဲ ထည့်မေးထားပါတယ်။ နည်းနည်းသင်ပြီးတော့ များများလေ့လာဆိုတဲ့ သဘောမျိုးဆောင်ရွက်ထားခြင်း ရှိ/မရှိကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိတ္တသုခ စိတ်၏ ချမ်းသာခြင်း၊ ကာယသုခ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမအနေနဲ့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၈) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာမြင့်ကြည်ရဲ့ လာမယ့်ပညာသင်နှစ်မှာ အခြေခံပညာအဆင့်ကျောင်းများရဲ့ သင်ရိုးကို ပြောင်းလဲရန် ရှိ/မရှိနဲ့ ပြင်ဆင်ရေးဆွဲခဲ့လျှင် နည်းနည်းသင်၊ များများလေ့လာမှုများ ပါဝင်သော သင်ရိုးညွှန်းတမ်းများအဖြစ် ရေးဆွဲထားခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော်က ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ လက်တွေ့ပြုပြင်ပြောင်းလဲလို့ရနိုင်တဲ့ ဒီပညာရေးကဏ္ဍနဲ့စပ်လျဉ်းပြီးတော့ ဒီ ကျွန်တော်တို့ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး ရေတို/ရေရှည်များ ပြုပြင်ပြောင်းလဲသွားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပဏာမဦးစွာတင်ပြလိုပါတယ်။ သင်ရိုးညွှန်းတမ်းများနဲ့ပတ်သက်ပြီးတော့ ၁၉၉၈-၁၉၉၉ ပညာသင်နှစ်ကစပြီးတော့ နိုင်ငံတကာအဆင့်မီ မြင့်တင်နိုင်ရေးအတွက် အခြေခံပညာမူလတန်းအဆင့်မှာ သိပ္ပံဘာသာရပ်၊ ဒါကိုယ်စားလှယ်တော်ကြီး ဒေါက်တာမြင့်ကြည်လည်း တင်ပြခဲ့ပါတယ်ခင်ဗျား။ ဒါ (Science) လို့ ဆရာကြီးကတော့ ဒါ အင်္ဂလိပ်လိုသုံးစွဲသွားပါတယ်။ ပြီးရင် စာရိတ္တနဲ့ ပြည်သူ့နီတိဘာသာရပ် ဒါက Mental ကို တိုးတက်စေရန်အတွက် ကျွန်တော်တို့ သင်ကြားပေးတဲ့ ဘာသာရပ်ဖြစ်ပါတယ်။ အဲဒီ့အပြင် ဘဝတွက်တာ ကျွမ်းကျင်စရာ ကျန်းမာရေးအသိပေးဘာသာရပ်တို့ကို တိုးချဲ့ထည့်သွင်းပေးခဲ့ပါတယ်ခင်ဗျား။

၂၀၀၀-၂၀၀၁ ခုနှစ်၊ ပညာသင်နှစ်မှာ အခြေခံပညာအဆင့်မှာလည်းကောင်း၊ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ အခြေခံပညာအလယ်တန်းအဆင့်မှာလည်းကောင်း၊ ကာယနှင့်အားကစား ဒါက (Physical Training) လို့ ဆရာကြီးကတော့ အင်္ဂလိပ်လို သုံးခွင့်ပြုပါလို့ တင်ပြသွားပါတယ်။ ဒီဘာသာရပ်ကို ထည့်သွင်းထားပါကြောင်းနဲ့ ခုန Innovation နဲ့ Creation လို့ ခေါ်တဲ့ ရသပညာ၊ ပန်းချီ၊ ဂီတတွေကိုလည်း ထည့်သွင်းထားပါတယ်ခင်ဗျား။

စာရိတ္တနဲ့ လောကနီတိ ခုန Spirit လို့ပြောတဲ့ ပြည်ထောင်စုစိတ်ဓာတ် ဘဝတစ်သက်တာ ကျွမ်းကျင်စရာ ဘာသာရပ်၊ ကြိုသက်မွေးဖြစ်တဲ့ စက်မှု၊ စိုက်ပျိုး၊ အိမ်တွင်းမှုဘာသာရပ်များကို တွဲဖက်သင်ရိုးဝင်ဘာသာရပ်များအနေနဲ့ သင်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၀၆ ခုနှစ် ဧပြီလမှာ အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေးဆွေးနွေးပွဲနှင့် ဘာသာရပ်အလိုက်သင်ရိုးများရဲ့ သင်ခန်းစာများကို မွမ်းမံရေးဆွဲဆောင်ရွက်ခဲ့ပြီး အဆင့်မြှင့်တင်ရေးဆွဲထားတဲ့ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ပြီးတော့ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ စတင်ပြီးတော့ သင်ကြားပေးလျက်ရှိပါသဖြင့် ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး ဒေါက်တာမြင့်ကြည် အကြံပြုတဲ့ ကျောင်းသင်ခန်းစာများနဲ့အတူ (Culture) ယဉ်ကျေးမှု၊ အားကစား (Sport)၊ လူမှုရေး (Social) တို့ကိုလည်း ထည့်သွင်းသင်ကြားပေးရန်ကိစ္စမှာ လက်ရှိသင်ရိုးညွှန်းတမ်း၊ တွဲဖက်သင်ရိုးဝင်ဘာသာရပ်များ သင်ကြားနေတဲ့ အစီအစဉ်အရ လွှမ်းခြုံမိတဲ့အပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစပြီးတော့ အခြေခံပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ စိုက်ပျိုးရေးဘာသာရပ်ကိုလည်း နိုင်ငံတော်ရဲ့လိုအပ်ချက်အရ ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ လက်ရှိသင်ကြားနေတဲ့ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ၊ ကျောင်းသုံးစာအုပ်များမှာ ပါဝင်တဲ့ သင်ခန်းစာများနဲ့စပ်လျဉ်းပြီး အခြေခံပညာကျောင်းသားများအတွက် လေ့လာသင့်တဲ့ပမာဏထက် ပိုမိုများပြားနေမှုများကို စိစစ်ပြီး အရည်အသွေးမထိခိုက်စေဘဲနဲ့ ဆောင်ရွက်လျက်ရှိရာမှာ မူလတန်းအဆင့်မှာ (၂၀) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်မှာ (၁၁) ရာခိုင်နှုန်း၊ အထက်တန်းအဆင့်မှာ (၁၁) ရာခိုင်နှုန်း လျှော့ချထားပြီးဖြစ်တဲ့ သင်ရိုးမာတိကာ၊ သင်ရိုးညွှန်းတမ်းများနဲ့ ကျောင်းသုံးဖတ်စာအုပ်များကို အခြေပြုပြီးတော့၊ အသုံးပြုပြီးတော့ အခြေခံပညာကျောင်းသားများအတွက် လေ့လာဆွေးနွေးချိန် ပိုမိုရရှိအောင် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါသင်ရိုးပြုပြင်ပြောင်းလဲထားနဲ့ ဖတ်စာအုပ်များနဲ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစပြီး သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒီ့အပြင် ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ ဒီနည်းနည်းသင်၊ များများလေ့လာ၊ ကျောင်းသားနဲ့ ဆရာအချိုးက ၁း၂၀ ရှိခဲ့ရင်တော့ ကိုယ်စားလှယ်တော်ကြီး အကြံပြုထားတဲ့ နည်းနည်းသင်၊ များများလေ့လာ ဆိုတဲ့ဟာကို အောင်မြင်နိုင်မယ်ဆိုတာကိုလည်း ဒါ ကျေးဇူးတင်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ကျေးလက်ရော၊ မြို့ပြမှာပါ အနည်းဆုံး မူလတန်းကျောင်းမှာ ကျောင်းအုပ်ဆရာကြီး အပါအဝင် (၅) ဦးစီ ခန့်ထားနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း စိစစ်တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အခြေခံပညာအဆင့်ကျောင်းများရဲ့ သင်ရိုးညွှန်းတမ်းများနဲ့ သင်ရိုးမာတိကာများကို ပြုပြင်ပြောင်းလဲ ရေးဆွဲဆောင်ရွက်ထားပြီးဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်ကြီး အကြံပြုထားတဲ့ နည်းနည်းသင်၊ များများလေ့လာ သဘောတရားကို အခြေခံပြီး ကျောင်းသားများကိုယ်တိုင် များများလေ့လာသင်ယူနိုင်သော နိုင်ငံတကာအဆင့်မီ အရည်အသွေးရှိတဲ့သင်ခန်းစာများ ပါဝင်နိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမြင့်ကြည်ရဲ့မေးခွန်းနဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်အားလုံး ကောင်းပါတယ်။ ဒါ ပြည်သူတွေလည်း စိတ်ဝင်စားတဲ့ကိစ္စ၊ ပြည်သူအားလုံးလည်း သိသင့်တဲ့ကိစ္စဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ လုံးကောက်အပြည့်အစုံ ထည့်သွင်းဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက် ( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၀/၂၀၁၄) ကို ရည်ညွှန်း၍ ဦးဇော်ဟိန်းသည် ညွှန်ကြားရေးမှူး တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

၂။ အဆိုပါ အရာထမ်း (၁) ဦးအား ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၈၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၄)

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၁/၂၀၁၄) ကို ရည်ညွှန်း၍ အောက်ပါအရာထမ်း (၅) ဦးတို့သည် လက်ထောက်ညွှန်ကြားရေးမှူး တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဦးကျော်မင်းထွန်း

(ခ) ဦးညွန့်လင်း

(ဂ) ဦးမျိုးမင်းသူ

(ဃ) ဦးစိုင်းဆမ်

(င) ဦးလှမျိုး

၂။ အဆိုပါ အရာထမ်း (၅) ဦးတို့အား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၄၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၄)**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါစာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၄ ဖြင့် ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော အမှတ် (၈၅) ခြေလျင်တပ်ရင်းမှ ကြည်း ၃၂၂၉၈ ဗိုလ်မှူးအောင်ကိုဝင်းအား ပြည်သူ့လွှတ်တော်ရုံးတွင် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၄) ကို ရည်ညွှန်း၍ ဦးကိုကိုနိုင်သည် ညွှန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ ညနေပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

၂။ အဆိုပါ အရာထမ်း (၁) ဦးအား ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၈၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## အမျိုးသားလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီး၊ အစည်းအဝေးဌာနတွင် တစ်နှစ်အစမ်းခန့်ထားခဲ့သော ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုမောင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

**[ ယခင်အပတ်မှအဆက် ]**

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

အမှတ် ၁၄၅/၂၀၁၃ ။ ။ တပ်မတော်နည်းပညာတက္ကသိုလ်၊ အမှတ်စဉ် (၁၆) ဗိုလ်လောင်းသင်တန်းမှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁၃၁) | မျိုးမင်းနိုင် | ကြည်း | ၆၆၁၃၂ |
| (၁၃၂) | အောင်စိုးမိုး | ကြည်း | ၆၆၁၃၃ |
| (၁၃၃) | ဇေပိုင်ထွန်း | ကြည်း | ၆၆၁၃၄ |
| (၁၃၄) | သော်ဇင်ဌေး | ကြည်း | ၆၆၁၃၅ |
| (၁၃၅) | အောင်ဌေးဦး | ကြည်း | ၆၆၁၃၆ |
| (၁၃၆) | ပြည့်ဖြိုးကျော် | ကြည်း | ၆၆၁၃၇ |
| (၁၃၇) | နေမျိုးအေး | ကြည်း | ၆၆၁၃၈ |
| (၁၃၈) | သက်ဖြိုးကျော် | ကြည်း | ၆၆၁၃၉ |
| (၁၃၉) | ထက်ကိုကို | ကြည်း | ၆၆၁၄၀ |
| (၁၄၀) | ထွန်းကျော်ကျော် | ကြည်း | ၆၆၁၄၁ |
| (၁၄၁) | ပြည့်ဦးဇော် | ကြည်း | ၆၆၁၄၂ |
| (၁၄၂) | ဇင်မင်းသိန်း | ကြည်း | ၆၆၁၄၃ |
| (၁၄၃) | အောင်ဇော်မင်း | ကြည်း | ၆၆၁၄၄ |
| (၁၄၄) | ဟိန်းလင်းထွန်း | ကြည်း | ၆၆၁၄၅ |
| (၁၄၅) | ဇော်မော်မြင့် | ကြည်း | ၆၆၁၄၆ |
| (၁၄၆) | အောင်ကျော်ကျော် | ကြည်း | ၆၆၁၄၇ |
| (၁၄၇) | ဟိန်းဇော်ထက် | ကြည်း | ၆၆၁၄၈ |
| (၁၄၈) | မင်းသန်းထိုက် | ကြည်း | ၆၆၁၄၉ |
| (၁၄၉) | မျိုးကျော်ကျော် | ကြည်း | ၆၆၁၅၀ |
| (၁၅၀) | စန်းကိုလင်း | ကြည်း | ၆၆၁၅၁ |
| (၁၅၁) | အောင်ဖြိုး | ကြည်း | ၆၆၁၅၂ |
| (၁၅၂) | ဝေလင်းအောင် | ကြည်း | ၆၆၁၅၃ |
| (၁၅၃) | ဇော်မင်းသန့် | ကြည်း | ၆၆၁၅၄ |
| (၁၅၄) | ထူးနေဦး | ကြည်း | ၆၆၁၅၅ |
| (၁၅၅) | သက်ခိုင်စိုး | ကြည်း | ၆၆၁၅၆ |
| (၁၅၆) | အောင်ကျော်ထက် | ကြည်း | ၆၆၁၅၇ |
| (၁၅၇) | အောင်ဇော်မျိုး | ကြည်း | ၆၆၁၅၈ |
| (၁၅၈) | မိုးဇော်ဟိန်း | ကြည်း | ၆၆၁၅၉ |
| (၁၅၉) | သောင်းထိုက်ကျော် | ကြည်း | ၆၆၁၆၀ |
| (၁၆၀) | ဟန်ထူးဇော် | ကြည်း | ၆၆၁၆၁ |

| | | | |
|---|---|---|---|
| (၁၆၁) | အောင်အောင်ဦး | ကြည်း | ၆၆၁၆၂ |
| (၁၆၂) | ဖြိုးသူ | ကြည်း | ၆၆၁၆၃ |
| (၁၆၃) | ကျော်လင်းသူ | ကြည်း | ၆၆၁၆၄ |
| (၁၆၄) | ကောင်းမြတ်ဦး | ကြည်း | ၆၆၁၆၅ |
| (၁၆၅) | ဇာနည်အောင် | ကြည်း | ၆၆၁၆၆ |
| (၁၆၆) | အောင်သီဟ | ကြည်း | ၆၆၁၆၇ |
| (၁၆၇) | ဆက်ပိုင်ကျော် | ကြည်း | ၆၆၁၆၈ |
| (၁၆၈) | မင်းဆက်ပိုင်ဦး | ကြည်း | ၆၆၁၆၉ |
| (၁၆၉) | ဇော်ထက်အောင် | ကြည်း | ၆၆၁၇၀ |
| (၁၇၀) | ပြည့်ဖြိုးကျော် | ကြည်း | ၆၆၁၇၁ |
| (၁၇၁) | သန်းဇော်ထိုက် | ကြည်း | ၆၆၁၇၂ |
| (၁၇၂) | ဖြိုးဝေစိုး | ကြည်း | ၆၆၁၇၃ |
| (၁၇၃) | နေဝင်းအောင် | ကြည်း | ၆၆၁၇၄ |
| (၁၇၄) | အောင်ဟိန်းဦး | ကြည်း | ၆၆၁၇၅ |
| (၁၇၅) | ဖြိုးစည်သူ | ကြည်း | ၆၆၁၇၆ |
| (၁၇၆) | သိန်းဇော်ဦး | ကြည်း | ၆၆၁၇၇ |
| (၁၇၇) | အောင်ခန့်မောင် | ကြည်း | ၆၆၁၇၈ |
| (၁၇၈) | နိုင်ထက်အောင် | ကြည်း | ၆၆၁၇၉ |
| (၁၇၉) | ကျော်ရဲထွန်း | ကြည်း | ၆၆၁၈၀ |
| (၁၈၀) | ဇင်မင်းထွန်း | ကြည်း | ၆၆၁၈၁ |
| (၁၈၁) | အောင်မျိုးသန့် | ကြည်း | ၆၆၁၈၂ |
| (၁၈၂) | ဝေမိုးနောင် | ကြည်း | ၆၆၁၈၃ |
| (၁၈၃) | ဖြိုးစည်သူ | ကြည်း | ၆၆၁၈၄ |
| (၁၈၄) | စွမ်းထက် | ကြည်း | ၆၆၁၈၅ |
| (၁၈၅) | စိုင်းထွန်းဦး | ကြည်း | ၆၆၁၈၆ |
| (၁၈၆) | ဝေယံဖြိုး | ကြည်း | ၆၆၁၈၇ |
| (၁၈၇) | မင်းခန့်ဇော် | ကြည်း | ၆၆၁၈၈ |
| (၁၈၈) | အောင်စိုး | ကြည်း | ၆၆၁၈၉ |
| (၁၈၉) | စိုးပြည့်ထက် | ကြည်း | ၆၆၁၉၀ |
| (၁၉၀) | ဝဏ္ဏထက်ကျော် | ကြည်း | ၆၆၁၉၁ |
| (၁၉၁) | ဟိန်းဇော်ထက် | ကြည်း | ၆၆၁၉၂ |
| (၁၉၂) | ဇင်မင်းပိုင် | ကြည်း | ၆၆၁၉၃ |
| (၁၉၃) | ပြည့်ရဲဇော် | ကြည်း | ၆၆၁၉၄ |
| (၁၉၄) | ပြည့်ဖြိုးလှိုင် | ကြည်း | ၆၆၁၉၅ |
| (၁၉၅) | ဖြိုးထက်ကျော် | ကြည်း | ၆၆၁၉၆ |
| (၁၉၆) | ရဲဇော်ဟိန်း | ကြည်း | ၆၆၁၉၇ |
| (၁၉၇) | ဟိန်းထက်ဟန် | ကြည်း | ၆၆၁၉၈ |
| (၁၉၈) | ညီညီဖြိုး | ကြည်း | ၆၆၁၉၉ |
| (၁၉၉) | ဖြိုးစည်သူ | ကြည်း | ၆၆၂၀၀ |
| (၂၀၀) | အောင်မင်းဟိန်း | ကြည်း | ၆၆၂၀၁ |

**[ ဆက်လက်ဖော်ပြပါမည်။ ]**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက် ( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**အမ် အမ် တီ အင်တာပရိုက်စ်လီမိတက်**

**M . M . T Enterprises Limited**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၆ (၁) အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမာန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **အမ် အမ် တီ အင်တာပရိုက်စ်လီမိတက်**အား (၂၄-၂-၂၀၁၄) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု [B.Com (Q), C.P.A] အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၄-၃-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အောင်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
အမ် အမ် တီ အင်တာပရိုက်စ်လီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ခင်စောယု
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ဘရိုက်(တ်)နိုင်းစတား အိုင်တီကုမ္ပဏီလီမိတက်**

**BRIGHT NINE STARS IT CO., LTD**

ဆန္ဒအလျောက် ဖျက်သိမ်းထားဆဲ

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဘရိုက်(တ်)နိုင်းစတား အိုင်တီကုမ္ပဏီလီမိတက်** (BRIGHT NINE STARS IT CO., LTD) အား (၂၇-၁၂-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးစိုးမြင့် (B.A, R.A, C.P.A) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့် ရရန်ရှိနှင့်ပေးရန်ရှိသည်များကို (၂၈-၃-၂၀၁၄) ရက်နေ့တွင် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြော်ငြာပါသည်။

ဦးစိုးမြင့်
(B.A, R.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**TET KHAM CONSTRUCTION COMPANY LIMITED**

အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂၈-၃-၂၀၁၄) နံနက် (၁၀း၀၀) နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ် (၁၆၆) ရှိ ရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ် ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

U HLA AUNG
Managing Director
Tet Kham Construction Co., Ltd.

မြမာလာအေး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## Global Lucky Group Company Limited

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**Global Lucky Group Company Limited** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ မတ်လ (၃၁) ရက်၊ နံနက် (၁၀း၀၀) နာရီတွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ နာနတ်တောလမ်း၊ တိုက် (၂)၊ အခန်း (၉) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးကြည်သာစိုး
B.Com, CPA, DMA, DBL, DA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## THE NAWARAT HOTEL LIMITED

(Members Voluntary Winding-up)

Final Shareholders Meeting

According to Myanmar Companies Act Section 208 (E), we invite all shareholders to attend the **Final Shareholders Meeting** of **THE NAWARAT HOTEL LIMITED** (Members Voluntary Winding-up) which held as below:

Date and time : 31.3.2014 (9:00 AM)
Venue : No. 257, Insein Road, Hlaing Township, Yangon, Myanmar

U Kyi Tha Soe
B.Com, CPA, DMA, DBL, DA
Liquidator

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၂၈-၂-၂၀၁၄။